ခန္တီ စ တော မင်္ဂလ မုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၄ ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၃၇)

## အသည်းအစားထိုးခွဲစိတ်ကုသမှုသတင်းမှတ်စု

- ❒ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို ၂၀၀၄ ခုနှစ် ဩဂုတ် ၂၅ရက်က ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့၊
- ❒ လှိုင်သာယာမြို့နယ် (၁၀)ရပ်ကွက် အမှတ် ၆၂ ရွှေဟင်္သာလမ်းနေ အသည်းခြောက်ဝေဒနာရှင် ကိုခင်ဇော်ထက် (၃၅)နှစ် အသည်းအစားထိုး ခွဲစိတ်ကုသမှုခံယူ၊
- ❒ အသည်းအစားထိုး ခွဲစိတ်ကုသမှု အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အသည်းအလှူရှင်မှာ ကွယ်လွန်သူ မအေးမွန်(၃၉)နှစ်ဖြစ်၊
- ❒ အသည်းအလှူရှင်ထံမှ အသည်းကို ခွဲစိတ်ထုတ်ယူနေချိန်တွင် ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနော်မန်လှ ဦးဆောင်ပြီး အသည်းခြောက်ဝေဒနာရှင် ကိုခင်ဇော်ထက်ထံမှ ခြောက်နေသောအသည်းကို နံနက် ၁၀နာရီ ၁၅မိနစ်၌ စတင်ခွဲစိတ်ဖယ်ရှားခဲ့၊
- ❒ ည ၇ နာရီခွဲတွင် အလှူရှင်၏အသည်းဖြင့် အစားထိုးကုသပေးခဲ့ရာ ည ၁၁နာရီ ၄၅ မိနစ်တွင် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို အောင်မြင်စွာဆောင်ရွက်ပြီးစီး၊
- ❒ အသည်းအစားထိုး ခွဲစိတ်ကုသချိန် ၁၃ နာရီခွဲကြာမြင့်၊
- ❒ အသည်းအစားထိုး ခွဲစိတ်ကုသမှုတွင် ခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာသန့်ဇင် ဦးဆောင်သောအဖွဲ့နှင့် ပါမောက္ခ ဒေါက်တာနော်မန်လှ ဦးဆောင်သောအဖွဲ့ အဖွဲ့နှစ်ဖွဲ့ခွဲပြီး ဆောင်ရွက်ခဲ့၊
- ❒ အသည်းအစားထိုး ခွဲစိတ်ကုသမှုစရိတ်မှာ အနောက်နိုင်ငံများတွင် ဒေါ်လာ တစ်သိန်းမှ ခုနစ်သောင်းခွဲအထိရှိ၊
- ❒ အသည်းအစားထိုး ခွဲစိတ်ကုသမှုခံယူခဲ့သူ ကိုခင်ဇော်ထက်မှာ ခွဲစိတ်ကုသမှုအပြီး ၁၂နာရီအတွင်းမှာပင် စကားပြောဆိုနိုင်သည်အထိ ကျန်းမာရေး တိုးတက်ကောင်းမွန်၊
- ❒ အသည်းအစားထိုး ခွဲစိတ်ကုသမှု အောင်မြင်စေရေးအတွက် နိုင်ငံတော်က အဘက်ဘက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့။ (မြန်မာ့အလင်း)

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ရန်ကုန်မြို့ အထွေထွေရောဂါကု ဆေးရုံသစ်ကြီးတွင် မြန်မာနိုင်ငံ၌ ပထမဆုံး အကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် ခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ နော်မန်လှနှင့် အထူးကု ဆရာဝန်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

# အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အသည်းအစားထိုးခွဲစိတ်ကုသမှုခံယူသူ၏ ကျန်းမာရေးကြည့်ရှုအားပေး ဝေဒနာရှင်၏ကျန်းမာရေးအခြေအနေ တဖြည်းဖြည်းတိုးတက်ကောင်းမွန်လာ

## မြန်မာနိုင်ငံတွင် ပထမဆုံးအသည်းအစားထိုးကုသအောင်မြင်မှုဖြစ်၍ ဂုဏ်ယူဖွယ်ဖြစ်

**ရန်ကုန် စက်တင်ဘာ ၃**

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို ဩဂုတ် ၂၅ ရက်က ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့လာရောက်ပြီး အသည်းအစားထိုးခွဲစိတ်ကုသမှုခံယူခဲ့သည့်ဝေဒနာရှင်၏ ကျန်းမာရေးအခြေအနေကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✡

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီး အထူးကုလူနာဆောင် အထူး ကြပ်မတ်ကုသခန်း၌ အသည်းအစားထိုး ခွဲစိတ်ကုသမှု အောင်မြင်စွာ ခံယူရရှိခဲ့သည့် ကိုခင်ဇော်ထက်၏ ကျန်းမာရေးကောင်းမွန်ပြီး ကြည်လင်ရွှင်လန်းစွာရှိနေမှုကို ဝမ်းမြောက်ဝမ်းသာစွာ ကြည့်ရှုပြီး အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်)

# အမျိုးသားရေးအမြင်၊ အမျိုးသားရေးရှုထောင့်ဖြင့် နိုင်ငံအကျိုး၊ ဒေသအကျိုး သယ်ပိုးထမ်းဆောင်

မျက်မှောက်ခေတ်သည် သိပ္ပံနှင့်နည်းပညာရပ်များ လျင်မြန်စွာပြောင်းလဲတိုးတက်နေသည့် ကာလဖြစ်သည်။ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ အံ့မခန်းတိုးတက်နေသည့်အချိန်အခါဖြစ်သည်။ ကမ္ဘာ့အစိတ်အပိုင်းတစ်ခု၏ ဖြစ်ပျက်မှုတစ်ခုကို ကျန်ကမ္ဘာ့အစိတ်အပိုင်းအားလုံးက နာရီပိုင်းကာလအတွင်း ကြားနိုင်မြင်နိုင်သည့်ခေတ် ဖြစ်သည်။

ယင်းသို့သော အခြေအနေမျိုး၌ မြန်မာနိုင်ငံတွင် နိုင်ငံတကာ တိုးတက်ပြောင်းလဲနေသော အခြေအနေများကို မျက်ခြည်မပြတ်စေရန်အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေရသော အချိန်အခါဖြစ်သည်။ နိုင်ငံတော်က နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးစသည့် ကဏ္ဍများကို ဘက်စုံထောင့်စုံမှနေ၍ ပြုပြင်ပြောင်းလဲမှုများတစ်ပြိုင်တည်း လုပ်ကိုင်လျက်ရှိသည်။ ထိုသို့သော အချိန်အခါတွင် နိုင်ငံသူနိုင်ငံသားအားလုံးက ပြုပြင်ပြောင်းလဲမှုအခြေအနေများကို အမှန်အတိုင်း၊ ပကတိအတိုင်း ဆက်စပ်လေ့လာ နားလည်သိကြရန် လိုအပ်ပေသည်။

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် စက်တင်ဘာလ ၂ ရက်နေ့က ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပသော အခြေခံပညာဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၅) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ရှင်းလင်းပြောကြားရာတွင်–

**"ယနေ့အချိန်အခါ၌ သာမန်အားထုတ်မှု၊ သာမန်အလုပ်လုပ်မှုမျိုးဖြင့် သမားရိုးကျ လုပ်ကိုင်နေ၍ မဖြစ်ဘဲ တိုင်းပြည်နှင့်လူမျိုးအပေါ် စိတ်ရင်းစေတနာကောင်းကောင်းနှင့် ဖိဖိစီးစီး အားထုတ်လုပ်ကိုင်နေရမည့် အခြေအနေ အချိန်အခါမျိုးဖြစ်ကြောင်း၊ ပါးစပ်ဖြင့် တိုင်းပြည်ကိုချစ်ပြနေရမှာမဟုတ်ဘဲ မိမိ၏ကျွမ်းကျင်မှု၊ မိမိ၏စွမ်းအားတို့ကို အရင်းပြုပြီး တိုင်းပြည်ကို အလုပ်အကျွေးပြုနေရမှာဖြစ်ကြောင်း"**

ပြောကြားသွားသည်။

မိမိတို့နိုင်ငံ၏အခြေအနေ အနေအထားအရ အခြားဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများနှင့်ရင်ပေါင်တန်းလိုက်နိုင်သော အနေအထားသို့ရောက်ရှိရန်အတွက် အခြားနိုင်ငံများကခြေတစ်လှမ်းလှမ်းပါက မိမိနိုင်ငံအနေဖြင့် လေးငါးဆယ်လှမ်းလှမ်းကာ နိုင်ငံနှင့်လူမျိုးအပေါ် စိတ်ရင်းစေတနာကောင်းဖြင့် ဖိဖိစီးစီး အားထုတ် လုပ်ကိုင်ကြရမည့် အချိန်အခါ ဖြစ်သည်။

ဤသို့အားထုတ်လုပ်ကိုင်ရာတွင် အလျင်အမြန်တိုးတက်နေသည့် နည်းပညာရပ်များသာမက လူ့စွမ်းအားအရင်းအမြစ်များကိုပါ အပြည့်အဝ အသုံးပြုသွားကြရမည် ဖြစ်သည်။ မိမိတို့တွင်ရှိသော ကိုယ်ပိုင်အင်အား၊ ကိုယ်ပိုင်အရင်းအမြစ်များကို အပြည့်အဝသုံးစွဲပြီး အနာဂတ်နိုင်ငံတော်သစ်ကို တည်ဆောက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်ကို ကြိုးပမ်းတည်ဆောက်ရာတွင် အနာဂတ်ကို ပုံဖော်ထုဆစ်မည့် မျိုးဆက်သစ်အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အခန်းကဏ္ဍသည် ပိုမို၍ အဓိကကျပေသည်။ မျိုးဆက်သစ်ကျောင်းသားကျောင်းသူ လူငယ်များ၏ သင်ယူတတ်မြောက်လိုမှု၊ စူးစမ်းရှာဖွေလိုမှု၊ နားလည်တတ်ကျွမ်းလိုမှုတို့ကို အစဉ်အမြဲအားပေးမြှင့်တင်ပြီး ထူးချွန်ထက်မြက်သူများ ဖြစ်လာစေရန် မြေတောင်မြှောက်ပေးကြရမည် ဖြစ်သည်။

ယနေ့ လူငယ်လူရွယ်များသည် လူ့ဘောင်အဖွဲ့အစည်းကို အလုပ်အကျွေးပြုနေသူများ၊ လူ့ဘောင်အဖွဲ့အစည်းအတွက် ကောင်းကျိုးပြုနေသူများအဖြစ် တန်ဖိုးရှိစွာ ခံယူပြီး မိမိတို့၏ အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတတို့ကို အစဉ်အမြဲ တိုးပွားနေစေရန် ကြိုးစားကြရမည်ဖြစ်သည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရင်း မိမိတို့၏ မြင့်မားလာသော ပညာရည်စွမ်းအား၊ မှန်ကန်သော အသိအမြင်များဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ဆောက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ မျိုးဆက်သစ် လူငယ်လူရွယ်များအနေဖြင့် နိုင်ငံအကျိုး၊ ဒေသအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးထမ်းဆောင်နိုင်မည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရန် အမျိုးသားရေးအမြင်၊ အမျိုးသားရေးရှုထောင့်များဖြင့် ဆက်စပ်လုပ်ကိုင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြန်မာနိုင်ငံပြန်တမ်း

**ရန်ကုန် စက်တင်ဘာ ၃**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးစိုးဝင်းလှိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သစ်တောရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သစ်တောရေးရာဝန်ကြီးဌာန |
| (ခ) | ဦးထွန်းအောင်<br>ဒုတိယကျောင်းအုပ်ကြီး<br>ရေနံချောင်းဒီဂရီကောလိပ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ကျောင်းအုပ်ကြီး<br>ရေနံချောင်းဒီဂရီကောလိပ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |

**(သတင်းစဉ်)**

## ဇီဝိတဒါနမေတ္တာဆေးကုခန်းဖွင့်ပွဲ ပြည်မြို့၌ကျင်းပ

ရန်ကုန် စက်တင်ဘာ ၃

**ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ဇီဝိတဒါန မေတ္တာဆေးကုခန်းဖွင့်ပွဲကို ဩဂုတ် ၃၁ရက် နံနက် ၉ နာရီက ရွာဘဲတောင်ပေါ်ကျောင်းတိုက်၌ ကျင်းပသည်။**

ရှေးဦးစွာ ပဲခူးတိုင်း သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လ၊ ပဲခူးတိုင်း သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ သူရဓဇနှင့် မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ဒုတိယပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရေဝတတို့က ဇီဝိတဒါန မေတ္တာဆေးခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးတော်မူကြသည်။

အခမ်းအနားတွင် တာဝန်ရှိသူများနှင့် အလှူရှင်တို့က ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပြည်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဦးဘဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

### ပေးအပ်လှူဒါန်း

ဆက်လက်၍ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြ ရာ ဒေါက်တာဦးစိုးလွင်(လန်ဒန်)က ငွေကျပ်သိန်း၁၀၀၊ ဦးကျော်မောင်–ဒေါ်မြတ်နှင်း (စည်တော်မင်္ဂလာရပ်၊ ပြည်မြို့)က ငွေကျပ် ငါးသိန်း၊ ဦးတင်အောင် (ရွာထောင်ကျေးရွာ၊ အောင်လံမြို့နယ်)က ငွေကျပ်သုံးသိန်း၊ ဦးချစ်ဆွေ–ဒေါ်ကြင်ငွေ(ကောင်းထက် စိန်ရွှေရတနာဆိုင်) ကျောက်တန်းမြို့က ငွေကျပ်သုံးသိန်း၊ ဦးဝင်းကြိုင်–ဒေါ်သောင်းသောင်းဌေး (ရောင်ခြည်ဦး) ပြည်မြို့၊ ဦးဘိုနီ–ဒေါ်သဲ(သား)ဦးစိုးဝင်း–ဒေါ်ကြည်စိန် (ဗိုလ်–ပဲကြော်မိသားစု)၊ ဦးမင်းနိုင်–ဒေါ်ခင်သောင်း မိသားစု(ဗိုလ်ချုပ်လမ်း)၊ ဒေါက်တာစိုးသန်း–ဒေါ်တင်တင်စု မိသားစု (ပြည်မြို့)၊ ဦးစိန်လှမောင် – ဒေါ်မြမြလေး မိသားစု (ပြည်မြို့)တို့က ငွေကျပ်တစ်သိန်းတို့ကိုလည်းကောင်း၊ ဦးသိန်းညွှန့်–ဒေါ်နီနီဝင်း(အောင်မင်္ဂလာအော့ဖ်စက်)က ငွေကျပ် ၅၁၂၅၀၊ ဦးတင့်လွင်–ဒေါ်မြမြလွင် (တော်ဝင်စက္ကူစက်)၊ ဦးချစ်လွင်–ဒေါ်ကျင်ယု မိသားစု(ပြည်မြို့)၊ (ဦးသံနိုင်)–ဒေါ်ငွေရီ မိသားစု(ပြည်မြို့)၊ ဦးတင်လှ–ဒေါ်လေးလေးထွန်း (ကသစ်ကန်၊ အောင်လံမြို့နယ်)တို့က ငွေကျပ်ငါးသောင်းစီ တို့ကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြပြီး ပြည်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဦးဘဝင်းနှင့် တာဝန်ရှိသူများက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

**(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

၄-၉-၂၀၀၄
(စနေနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"တေဝိဇ္ဇသုတ်"**
- ၉:၁၀ ၁၀။ **နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အစီအစဉ် "ကြည်ပြာ"** ရုပ်ရှင် **ဒါရိုက်တာ**–ကြီးမြင့် **သရုပ်ဆောင်**–ထွန်းထွန်းဝင်း၊ မေဝင်းမောင်

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၅၅ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် -Input Output Analysis (ဒုတိယနှစ်–စီးပွားရေး)
- ၅:၃၀ ၉။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မဆုတ်မနစ်"**(အပိုင်း–၇)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးကြိုးကွန်ရက်နှင့်လျှပ်စီးဓား"** (ဒုတိယတွဲ) (အပိုင်း–၁၁)

**ရန်ကုန် မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒွါဒသမ (၁၂ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၇ရက်က အင်းစိန်မြို့နယ် ပင်မတောင်ယန္တရားခန်းမ၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက ဆုရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။** (ခရိုင်ပြန်/ဆက်)

# ဗဟိုအလုပ်အမှုဆောင်ဒုတိယဝန်ကြီးဦးသိန်းစိန် နိုင်ငံတော်မူဝါဒနှင့်နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာဖော်ဆောင်မှုဟောပြောပို့ချ

**ရန်ကုန်  စက်တင်ဘာ  ၃**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီခွဲအထိ ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ်(၁၈)၌ သင်တန်းသား ၁၂၀တို့အား နိုင်ငံတော်မူဝါဒနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာဖော်ဆောင်လျက်ရှိပုံနှင့် စပ်လျဉ်း၍ ဟောပြောပို့ချသည်။

**(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

ဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှုပြုခဲ့သည်။ သို့အတွက် မန္တလေး-စဉ့်ကိုင်-ကျောက်ဆည်-မြစ်သား-ကူမဲနှင့် တံတားဦးမြို့များသို့ ပြေးဆွဲနေသော ခရီးသည်တင်ယာဉ် အစီး ၂၀၀ အတွက် ပထမဦးစွာ ၃၅ စီး၊ ထို့နောက် ၁၆၅ စီး၊ ရန်ကုန်မြို့တော်တွင် ဘတ်စ်ကားအစီး ၁၀၀၀ နှင့် တီအီး မော်တော်ယာဉ် အစီး ၁၀၀၀ ကို သဘာဝဓာတ်ငွေ့ဖြင့် မောင်းနှင်ရန် ပထမအဆင့်အနေဖြင့် စီမံချက်ချမှတ်ထားသည်။

ထိုကဲ့သို့ အလျင်အမြန်စီမံချက် ချမှတ်နိုင်ခြင်းမှာ မြန်မာနိုင်ငံတွင် ၁၉၈၆ ခုနှစ်မှ စတင်၍ မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့၊ ရေနံဓာတ်ငွေ့ရည် မက်သနောစသည့် စက်မောင်းဆီများဖြင့် အောင်အောင်မြင်မြင် ဘေးအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ခဲ့သဖြင့် ပြည်သူလူထုအတွက် အသစ်အဆန်းတစ်ရပ် မဟုတ်တော့ဘဲ ယခုကဲ့သို့ အလျင်အမြန် စတင်နိုင်ခြင်းဖြစ်သည်။

လက်ရှိအနေအထားတွင် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များသည် ရန်ကုန်မှ မှော်ဘီ၊ တိုက်ကြီး၊ ဥက္ကံ၊ ပဲခူးတို့သို့လည်းကောင်း၊ ချောက်မှ ကျောက်ပန်းတောင်း၊ ရေနံချောင်းမှမင်းဘူး၊ မကွေးတို့သို့လည်းကောင်း ပြေးဆွဲလျက်ရှိရာ စုစုပေါင်း ၅၈၇ စီး ရှိသည်။ ထိုသဘာဝဓာတ်ငွေ့ မော်တော်ယာဉ်များတွင် ၁၉၈၆ခုနှစ်မှ စတင်အသုံးပြုခဲ့သည့် မော်တော်ယာဉ်များပါဝင်သဖြင့် နှစ်ပေါင်း ၁၈နှစ်အတွင်း အန္တရာယ်ကင်းစွာ ပြေးဆွဲနေနိုင်ခြင်းမှာ လက်တွေ့ သာဓကတစ်ခုဖြစ်သည်။ သဘာဝဓာတ်ငွေ့ကို အသုံးပြုခြင်းသည် ဘေးအန္တရာယ် ကင်းရှင်းမှုရှိပါသည်။

သဘာဝဓာတ်ငွေ့သည် မီသိန်းဓာတ်ငွေ့ ($CH_4$) ဖြစ်ပြီး လေထက်ပေါ့သည်။ လေ၏သိပ်သည်းဆမှာ တစ်ရှိပြီး၊ သဘာဝဓာတ်ငွေ့၏ သိပ်သည်းဆမှာ ၀ ဒသမ ၅၅ သာရှိသည်။ သဘာဝဓာတ်ငွေ့ ယိုစိမ့်မှုရှိပါက လေထုအပေါ်သို့ တက်သွားပြီး ပျောက်ကွယ်သွားမည်ဖြစ်ရာ မီးဘေးအန္တရာယ် နည်းပါးသည်။ သဘာဝဓာတ်ငွေ့သည် လေနှင့်ရောနှောပြီး မီးလောင်နိုင်သည့် အချိုးအဆမှာ ၅ မှ ၁၀ အတွင်းရှိသည်။ ဓာတ်ဆီမှာ ၁ ဒသမ ၅ မှ ၁၆ အတွင်းရှိသည်။ သို့ပါ၍ ဓာတ်ဆီမှာ သဘာဝဓာတ်ငွေ့ထက် မီးလောင်လွယ်သည်။ အက်ဆီသလင်းမှာ ၂ဒသမ ၅မှ ၈၁ အတွင်းရှိသည်။ ထို့ကြောင့် အက်ဆီသလင်းမှာ အလွန်မီးလောင်လွယ်သည်။

ဒီဇယ်ဆီ၏ အလိုအလျောက် မီးလောင်နိုင်သော အပူချိန်မှာ ၂၀၀ ဒီဂရီစင်တီဂရိတ်-၂၆၀ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး ဓာတ်ဆီ၏ အလိုအလျောက် မီးလောင်နိုင်သော အပူချိန်မှာ ၃၆၀ ဒီဂရီစင်တီဂရိတ်-၃၈၀ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ သဘာဝဓာတ်ငွေ့၏ အလိုအလျောက် မီးလောင်နိုင်သော အပူချိန်မှာ ၆၁၅ ဒီဂရီစင်တီဂရိတ်-၆၈၀ ဒီဂရီစင်တီဂရိတ်ဖြစ်သဖြင့် ဓာတ်ဆီ၊ ဒီဇယ်ဆီထက် မီးလောင်ရန် ခက်ခဲသည်။

သဘာဝဓာတ်ငွေ့ဖြင့် မောင်းနှင်ခြင်းဖြင့် အောက်ပါအကျိုးကျေးဇူးများလည်း ရရှိနိုင်ပါသည်။

**သဘာဝဓာတ်ငွေ့၏ အောက်တိန်းနံပါတ် (Octane No)မှာ ၁၃၀ ရှိသဖြင့် အင်ဂျင်တွင် Knockingလုံးဝမဖြစ်ပါ။ သို့ပါ၍ အင်ဂျင်သက်တမ်း ပိုရှည်သည်။**

**သဘာဝဓာတ်ငွေ့နှင့် မောင်းနှင်ရာတွင် အပြည့်အဝ မီးလောင်ကျွမ်းမှုကို ရရှိသဖြင့် မော်တော်ယာဉ်မှ ထွက်လာသော အိပ်ဇော့ဓာတ်ငွေ့တွင် ဟိုက်ဒြိုကာဗွန်များ မပါဝင်လာတော့ခြင်း၊ ကာဗွန်မိုနော့ဆိုက် ဓာတ်ငွေ့ထွက်ရှိမှု လျော့နည်းသွားခြင်း စသည်တို့ကြောင့် သဘာဝပတ်ဝန်းကျင် လေထုညစ်ညမ်းမှု မဖြစ်တော့ပါ။**

**သဘာဝဓာတ်ငွေ့မှာ အင်ဂျင်အတွင်းတွင် အပြည့်အဝလောင်ကျွမ်းသဖြင့် အင်ဂျင်ဝိုင်များကိုလည်း ညစ်ညမ်းမှုမဖြစ်စေပါ။ အင်ဂျင်ဝိုင်သက်တမ်းမှာ ဓာတ်ဆီအင်ဂျင်ထက် နှစ်ဆခန့်ပိုခံသည်။ အင်ဂျင်ဝိုင် သန့်ရှင်းမှုရှိသဖြင့် အင်ဂျင်သက်တမ်းလည်း ပိုရှည်ပါသည်။**

သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအတွက် ကန့်သတ်ချက်တစ်ခုမှာ သဘာဝဓာတ်ငွေ့အိုးတပ်ဆင်ရန် နေရာရွေးချယ်ရခြင်းဖြစ်သည်။ နေရာရွေးချယ်ရရှိပြီးပါက တပ်ဆင်ရသည်မှာ လွယ်ကူသည်။ သဘာဝဓာတ်ငွေ့ကို သုံးစွဲသဖြင့် ဘေးအန္တရာယ်မရှိသကဲ့သို့ သဘာဝဓာတ်ငွေ့ သိုလှောင်အိုးများ (CNG Cylinder) မှာလည်း ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်အောင် ထုတ်လုပ်ထားသော အိုးများဖြစ်သည်။ သဘာဝဓာတ်ငွေ့ သိုလှောင်အိုးများမှာ ဂဟေဆော် ဆက်ထားခြင်းမျိုးလုံးဝမရှိဘဲ အပူဖြင့်လိမ့်ပြီး ထိပ်ပိတ်များကို ပြုလုပ်ထားခြင်းဖြစ်သည်။ ဖိအား ပေါင် ၃၀၀၀/ စတုရန်းလက်မ အသုံးပြုနိုင်ပြီး ဖိအား ပေါင် ၄၅၀၀/စတုရန်းလက်မအထိ စမ်းသပ်ထားသည်။ သဘာဝဓာတ်ငွေ့သိုလှောင်အိုးအတွင်း ဓာတ်ငွေ့ထည့်ထားပြီး မီးလောင်မှုဖြစ်ပွားပါက ပေါက်ကွဲမှုမရှိခြင်း၊ ပြင်းထန်စွာ တိုက်ခိုက်မှုဖြစ်ပွားပါက ပေါက်ကွဲမှုမရှိခြင်း စသည့်ခံနိုင်ရည်များကိုလည်း နယူးဇီလန်နိုင်ငံမှ လက်တွေ့ သရုပ်ပြစမ်းသပ်မှုများကို ဗီဒီယိုမှတ်တမ်းတွင် လေ့လာကြည့်ရှုဖူးသည်။ နယူးဇီလန်နိုင်ငံသည် လုံခြုံစိတ်ချရမှု(Safety)နှင့် ပတ်သက်၍ အလွန်တင်းကျပ်သော နိုင်ငံတစ်ခုဖြစ်သည်။ ထိုကဲ့သို့သော နိုင်ငံကပင် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များကို ယုံကြည်စိတ်ချစွာ အသုံးပြုခဲ့သည်မှာ ၁၉၈၆ ခုနှစ် ကတည်းက စီးရေတစ်သိန်းကျော်ရှိခဲ့သည်။ နယူးဇီလန်နိုင်ငံကဲ့သို့ အီတလီ နှင့် အာဂျင်တီးနားနိုင်ငံများသည်လည်း သဘာဝဓာတ်ငွေ့ ကားအစီးရေ သိန်းနှင့်ချီ၍ အသုံးပြုနေသည်။ ပါကစ္စတန်၊ အိန္ဒိယ၊ တရုတ်၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့တွင်လည်း သဘာဝဓာတ်ငွေ့သုံးကားများကို အသုံးပြုနေပြီ ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံတွင်လည်း ပလိပ်မြို့တွင် သဘာဝဓာတ်ငွေ့ အရောင်းဆိုင်(Compressed Natural Gas Station) တစ်ဆိုင် တည်ဆောက်နေပြီး မန္တလေး၊ စဉ့်ကိုင်၊ ကျောက်ဆည်၊ မြစ်သား၊ ကူမဲနှင့် တံတားဦးမြို့များသို့ ပြေးဆွဲနေသော ခရီးသည်တင် မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့ပစ္စည်းများ CNG Kit တပ်ဆင်ပေးနေပြီ ဖြစ်သည်။ ထိုကားလေးများ၏ မူလဓာတ်ဆီအင်ဂျင်တွင် CNG Kit တပ်ဆင်ပေးခြင်းဖြစ်သဖြင့် သဘာဝဓာတ်ငွေ့ဖြင့်လည်း မောင်းနှင်နိုင်သည်။ ဓာတ်ဆီဖြင့်လည်း ပြန်လည်မောင်းနှင်နိုင်သည်။ Bi-Fuel စနစ် တပ်ဆင်ပေးထားခြင်းဖြစ်သည်။

ယခု တပ်ဆင်ပေးနေသော မော်တော်ယာဉ်တွင် CNG Kit နှင့် CNG အိုးလေးလုံး တပ်ဆင်ပေးထားသည်။ ခရီးမိုင် ၁၀၀ ခန့် မောင်းနှင်နိုင်သည်။ ထို Kit တစ်စုံအတွက် တန်ဖိုးမှာ ကျပ် ငါးသိန်းခွဲမှ ခြောက်သိန်းခန့်အထိ ဖြစ်သည်။ ဓာတ်ဆီ တစ်ဂါလန်နှင့် ခရီးတူမောင်းနှင် နိုင်မည့် သဘာဝဓာတ်ငွေ့ ၁၆၅ ကုဗပေ၏ ရောင်းဈေးမှာ ကျပ် ၁၀၀ဖြစ်သည်။ ပလိပ်မြို့တွင် ဓာတ်ဆီမော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ပြောင်းလဲတပ်ဆင်နေသကဲ့သို့ ရန်ကုန်တွင်လည်း တီအီးဒီဇယ်ကားများကို ရာနှုန်းပြည့် (Dedicated CNG Engine) အဖြစ် ပြောင်းလဲတပ်ဆင်နေသည်။ အင်ဂျင်၏ အဓိက အစိတ်အပိုင်းလေးမျိုးအား ပြုပြင်ပြီး Compression Ignition Engine မှ Spark Ignition Engine အဖြစ်သို့ ပြောင်းလဲ၍ သဘာဝဓာတ်ငွေ့ဖြင့် ပြောင်းလဲမောင်းနှင် အသုံးပြုခြင်းဖြစ်သည်။

ထိုကဲ့သို့ ဓာတ်ဆီ၊ ဒီဇယ်ဆီ မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့သုံးယာဉ်အဖြစ် ပြောင်းလဲသည်နှင့်အတူ သဘာဝဓာတ်ငွေ့သုံး အရောင်းဆိုင် (CNG Station) များ တည်ဆောက်ပေးသွားမည်ဖြစ်သည်။ ရန်ကုန်မြို့ပတ်လည်တွင် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆွဲထားပြီးရှိသဖြင့် (CNG Station) များ အလွယ်တကူ တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့အတူ ပဲခူးရိုးမအနောက်ခြမ်း ရန်ကုန်-ပြည်-မကွေး-ချောက်-မြင်းခြံ-ကျောက်ဆည် လမ်းနှင့် အပြိုင် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ပြီးဖြစ်သဖြင့် ရန်ကုန်မှ မိုင် ၅၀ အကွာတွင် CNG အရောင်းဆိုင် တစ်ဆိုင် ဖွင့်လှစ်ပေးခြင်းဖြင့် မကြာမီကာလအတွင်း ရန်ကုန်-မြင်းခြံ-မန္တလေး လမ်းတစ်လျှောက် သဘာဝဓာတ်ငွေ့သုံး ယာဉ်များ ပြေးဆွဲနိုင်မည်ဖြစ်သည်။

**သို့ပါ၍ သဘာဝဓာတ်ငွေ့ကို အစားထိုးသုံးစွဲခြင်းကြောင့် ပြည်တွင်းမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ခြင်း၊ တန်ဖိုးမြင့်မားသော ဓာတ်ဆီ၊ ဒီဇယ်ဆီစသော စက်မောင်းဆီများ ချွေတာနိုင်ခြင်း၊ သဘာဝဓာတ်ငွေ့ ဈေးနှုန်းသည် သက်သာသည့်အပြင် အပြည့်အဝရောင်းချပေးနိုင်ခြင်းကြောင့် သယ်ယူပို့ဆောင်ရေးစရိတ် သက်သာလာသဖြင့် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်လာနိုင်ခြင်းစသော အကျိုးကျေးဇူးများ မကြာမီကာလအတွင်း ရရှိလာမည်မှာ မလွဲဧကန်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။**


သဘာဝဓာတ်ငွေ့၏ အောက်တိန်းနံပါတ် (Octane No) မှာ ၁၃၀ ရှိသဖြင့် အင်ဂျင်တွင် Knocking လုံးဝမဖြစ်ပါ။ သို့ပါ၍ အင်ဂျင်သက်တမ်း ပိုရှည်သည်။

သဘာဝဓာတ်ငွေ့နှင့် မောင်းနှင်ရာတွင် အပြည့်အဝ မီးလောင်ကျွမ်းမှုကို ရရှိသဖြင့် မော်တော်ယာဉ်မှ ထွက်လာသော အိပ်ဇော့ဓာတ်ငွေ့တွင် ဟိုက်ဒြိုကာဗွန်များ မပါဝင်လာတော့ခြင်း၊ ကာဗွန်မိုနော့ဆိုက် ဓာတ်ငွေ့ထွက်ရှိမှု လျော့နည်းသွားခြင်း စသည်တို့ကြောင့် သဘာဝပတ်ဝန်းကျင် လေထုညစ်ညမ်းမှု မဖြစ်တော့ပါ။

သဘာဝဓာတ်ငွေ့မှာ အင်ဂျင်အတွင်းတွင် အပြည့်အဝလောင်ကျွမ်းသဖြင့် အင်ဂျင်ဝိုင်များကိုလည်း ညစ်ညမ်းမှုမဖြစ်စေပါ။ အင်ဂျင်ဝိုင်သက်တမ်းမှာ ဓာတ်ဆီအင်ဂျင်ထက် နှစ်ဆခန့်ပိုခံသည်။ အင်ဂျင်ဝိုင် သန့်ရှင်းမှုရှိသဖြင့် အင်ဂျင်သက်တမ်းလည်း ပိုရှည်ပါသည်။

**သဘာဝဓာတ်ငွေ့ CNG သုံး ရန်ကုန်-ပဲခူး ခရီးသည်တင် ဟိုင်းလပ်မော်တော်ယာဉ်ကို တွေ့ရစဉ်။**

**ဓာတ်ပုံ-မောင်မောင်သန်း(သတင်းစဉ်)**

**ဩဂုတ် ၂၉ရက်က အမက (၁၄)ဗဟန်း ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပရာ ပထမတန်းမှ မောင်ညီညီမင်းမောင်က ဗိုလ်စီဒီစက်လှူဒါန်းရာ မြို့နယ်ပညာရေးမှူးဒေါ်ကြူကြူရွှေက လက်ခံယူစဉ်။**(က-ပ)

**ဩဂုတ် ၂၈ ရက်က အင်းစိန်မြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးတင်စောက ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သုံးဘာသာဂုဏ်ထူးရှင် မစန်းသော်တာအား ဆုချီးမြှင့်စဉ်။** (က-ပ)

# စက်တင်ဘာ ၂ ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၉၇၆ ဦး ရှိသွားပြီ

ဘဂ္ဂဒက် စက်တင်ဘာ ၂

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်ကစတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။**

၂၀၀၄ ခုနှစ် စက်တင်ဘာ ၂ ရက်ကြာသပတေးနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၇၆ ဦးဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။

**သေဆုံး**

ယင်းအနက် ၇၃၀ မှာ တိုက်ပွဲ၌သေဆုံးပြီး ၂၄၆ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၄ ဦး၊ အီတလီ ၁၈ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ၁၀ ဦး၊ ယူကရိန်းခြောက်ဦး၊ ဆလိုဗက်ကီးယားသုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့်နယ်သာလန်တို့ တစ်ဦးစီသေဆုံးခဲ့ကြသည်ဟု ဆိုသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၈၃၈ ဦး ဖြစ်ပြီး ယင်းအနက် ၆၂၁ ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၁၇ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်မြို့တွင် အီရတ်ပြောက်ကျားတို့ တိုက်ခိုက်မှုကြောင့် အီရတ်ရဲတပ်ဖွဲ့ မော်တော်ယာဉ်တစ်စီး ပျက်စီးနေသည်ကို စက်တင်ဘာ ၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## ဓားစာခံအဖြစ် ဖမ်းဆီးထားသော တူရကီယာဉ်မောင်းအား ပြန်လွှတ်ပေး

**အန်ကာရာ စက်တင်ဘာ ၂**

အီရတ်၌ ဓားစာခံအဖြစ်ဖမ်းဆီးခြင်းခံခဲ့ရသော တူရကီထရပ်ကားယာဉ်မောင်းတစ်ဦးအား ဗုဒ္ဓဟူးနေ့၌ လွှတ်ပေးလိုက်ကြောင်း အင်တီဗွီ တူရကီ ရုပ်မြင်သံကြားက သတင်းထုတ်လွှင့်သည်။

ထရပ်ကားယာဉ်မောင်း တာဆင်အဗ္ဗဒူရမန်တော့ပ်သည် အီရတ်မြောက်ပိုင်း တီကရစ်နှင့် မိုဆူးလ်ကြားတွင် ဩဂုတ် ၇ ရက်၌ ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်သည်။

အီရတ်နိုင်ငံ၌ ပြန်ပေးဆွဲခံရသော တူရကီယာဉ်မောင်းများအနက် လေးဦးမှာ အသတ်ခံခဲ့ရပြီး အများစုကို လွှတ်ပေးခဲ့သည်။ အီရတ်နိုင်ငံ၌ အလုပ်လုပ်နေကြသော နိုင်ငံခြားသားများနှင့် ကုမ္ပဏီများအား မောင်းထုတ်ရန်အတွက် လွန်ခဲ့သည့် သုံးလေးလအတွင်း ခုခံတိုက်ခိုက်ရေးသမားများသည် ပြန်ပေးဆွဲခြင်းကို လုပ်ဆောင်ခဲ့ကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## အီရတ်တွင် ဖမ်းဆီးခံခဲ့ရသော အိန္ဒိယ ဓားစာခံများအား ခုခံတိုက်ခိုက်ရေးသမားများက ပြန်လွှတ်ပေး

**ကူဝိတ် စက်တင်ဘာ ၂**

အီရတ် ခုခံတိုက်ခိုက်ရေးသမားများက ၄၂ ရက်ကြာမျှ ဖမ်းဆီးထားခဲ့သော အိန္ဒိယ ဓားစာခံသုံးဦးသည် ၎င်းတို့အားရုတ်တရက်ပြန်လွှတ်ပေးလိုက်ပြီးနောက် ဗုဒ္ဓဟူးနေ့ညသို့ ကူဝိတ်နိုင်ငံသို့ ရောက်ရှိလာခဲ့ကြသည်။

**တွေ့ဆုံ**

အိန္ဒိယဓားစာခံသုံးဦးအား ကူဝိတ်နိုင်ငံတကာဆိုင်ရာ လေဆိပ်၌ အိန္ဒိယသံအမတ်ကြီး ရှုပ်စ်ပါဝမ်က လက်ခံတွေ့ဆုံခဲ့သည်။

**ကြိုဆို**

၎င်းတို့သည် ကြာသပတေးနေ့၌ အိန္ဒိယနိုင်ငံသို့ ပြန်ကြဖွယ်ရှိသည်။ ၎င်းတို့နှင့်အတူ အခြားဓားစာခံလေးဦးလည်း လွတ်မြောက်လာခဲ့ပြီး ၎င်းတို့အား ကူဝိတ်နှင့် ပင်လယ်ကွေ့ ဆက်သွယ် ပို့ဆောင်ရေးကုမ္ပဏီအမှုဆောင် အရာရှိနှင့် အလုပ်သမားများက ပန်းစည်းများဖြင့် ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

အိန္ဒိယ သုံးဦး၊ ကင်ညာသုံးဦးနှင့် အီဂျစ်တစ်ဦးတို့သည် အီရတ်၌ ထရပ်ကားများမောင်းခဲ့ကြပြီး ၎င်းတို့အား ဘလက်ခ်ဘင်နာဟုခေါ်သောတိုက်ခိုက်ရေးအုပ်စုက ပြန်ပေးဆွဲခဲ့သည်။

**အမ်အင်အေ၊ပီတီအိုင်**

## ပြင်သစ် ဓားစာခံနှစ်ဦးအတွက် မိသားစုများ စိုးရိမ်ပူပန်နေ

**ပါရီ စက်တင်ဘာ ၂**

ပြင်သစ် ဓားစာခံနှစ်ဦး၏ မိသားစုများ၊ သူငယ်ချင်း မိတ်ဆွေများသည် ပြင်သစ်နိုင်ငံမှနေပြီး ၎င်းတို့အတွက် များစွာစိုးရိမ်ပူပန်စွာ အခြေအနေကို စောင့်ဆိုင်းလျက်ရှိသည်။

အီရတ်နိုင်ငံ၌ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့၏ ဓားစာခံအဖြစ် ပြန်ပေးဆွဲခြင်းခံထားရသော ပြင်သစ်သတင်းစာဆရာနှစ်ဦးနှင့် ၎င်းတို့၏ ဆီးရီးယားလူမျိုး ကားမောင်းသမားတို့၏ သတင်းနှင့်ပတ်သက်ပြီး ပြင်သစ်သံတမန်များက အရှေ့အလယ်ပိုင်းဒေသတွင်း ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးကာ ပြင်သစ်သတင်းစာဆရာနှစ်ဦး လွတ်မြောက်ရေးကို သံတမန်ရေးအရ ဖြေရှင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးသည် ဂျော်ဒန်နိုင်ငံ အမ္မန်နှင့် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့များသို့ သွားရောက်ခဲ့ပြီး ကာတာသို့ ဆက်လက်ဝင်ရောက်ကာ ၎င်းတို့လွတ်မြောက်ရေးအတွက် အကူအညီရှာဖွေလျက်ရှိသည်။ **(စီအက်ဖ်အိုင်)**

## ဖွံ့ဖြိုးဆဲနိုင်ငံများ၏ မျိုးဆက်ပြန့်ပွားမှုဆိုင်ရာ ကျန်းမာရေးကြိုးပမ်းမှုများ နှောင့်နှေးနေရ

ကုလသမဂ္ဂ စက်တင်ဘာ ၂

**ဖွံ့ဖြိုးဆဲနိုင်ငံများ၏ မျိုးဆက်ပြန့်ပွားမှုဆိုင်ရာ ကျန်းမာရေး ကြိုးပမ်းအားထုတ်မှုများသည် ချမ်းသာသောနိုင်ငံများ၏ လုံလောက်သော အထောက်အကူမရမှုကြောင့် နှောင့်နှေးခဲ့ရကြောင်း ကုလသမဂ္ဂအရာရှိတစ်ဦးက ဗုဒ္ဓဟူးနေ့၌ ပြောကြားလိုက်သည်။**

လွန်ခဲ့သည့် ဆယ်နှစ်က ပြုလုပ်ခဲ့သော ကုလသမဂ္ဂလူဦးရေ ညီလာခံ၌ ဖွံ့ဖြိုးဆဲနိုင်ငံများကို ဒေါ်လာ ၆ ဒသမ ၁ ဘီလီယံ အကူအညီပေးမည်ဟု ချမ်းသာသောနိုင်ငံများက ကတိပြုခဲ့ကြသော်လည်း ထိုငွေပမာဏ၏ ထက်ဝက်ကျော်သည် ဆိုရုံမျှသာ အကူအညီပေးခဲ့ကြောင်း ကုလသမဂ္ဂ လူဦးရေရန်ပုံငွေ၏ အမှုဆောင် ညွှန်ကြားရေးမှူးသို့ ရာအာမက်အိုဘိဒ်က ပြောကြားသည်။

လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတကာ ညီလာခံ၏(အိုင်စီပီတီ) ၁၀ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အစိုးရနှင့် မသက်ဆိုင်သော အဖွဲ့အစည်းများက လန်ဒန်၌ စီစဉ်ကျင်းပသည့် ကမ္ဘာ့ဆွေးနွေးပွဲတွင် မိန့်ခွန်းပြောကြားရာ၌ သူမက ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

အိုင် စီ ပီ ဒီ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်နှင့် ယင်းတို့၏ အမျိုးသားရေးမူဝါဒများကို တပေါင်းတစည်းတည်းထားသော နိုင်ငံများက ဒေသဆိုင်ရာ အစည်းအဝေးများတွင် ထပ်မံ အာမခံခဲ့ကြသော်လည်း ချမ်းသာသောနိုင်ငံများက အကူအညီ လုံလောက်စွာ မပေးသဖြင့် နှောင့်နှေးခဲ့ရသည်ဟု အိုဘိဒ်က ပြောကြားသည်။

**အမ်အင်အေ၊ပီတီအိုင်**

## အီရတ်သို့ လာရောက်အလုပ်လုပ်ကိုင်သည့် နိုင်ငံခြားသားများ အသက်အန္တရာယ်ကြီးမား အီရတ်အစိုးရအဖွဲ့ တာဝန်ရှိသူများအတွက်လည်း အသက်အန္တရာယ်စိုးရိမ်ရ

ဘဂ္ဂဒက် စက်တင်ဘာ ၁

**အခြားနိုင်ငံများမှ အလုပ်သမားများသည် အီရတ်နိုင်ငံ၌ လာရောက် အလုပ်လုပ်ကိုင်သည်မှာ အန္တရာယ်များလှကြောင်း သိရှိထားကြချိန်တွင် အီရတ်အစိုးရအဖွဲ့အတွင်း တာဝန်ယူ လုပ်ကိုင်နေကြသူများအနေနှင့်လည်း အလားတူ အသက်အန္တရာယ် စိုးရိမ်ရမှုများနှင့် ကြုံတွေ့ရလျက်ရှိကြောင်း သိရှိရသည်။**

အီရတ်နိုင်ငံတွင် ယခုအခါ ဆောက်လုပ်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော နာဆရင်ဘာဝါရီမှာ ၎င်းအားသတ်ဖြတ်ရန် ကြိုးပမ်းမှုကို နှစ်ကြိမ်ကြုံတွေ့ခဲ့ရပြီဖြစ်ပြီး အသက်ဘေးမှလွတ်မြောက်ခဲ့ကြောင်း သိရှိရသည်။

**အရဲစွန့်လုပ်ကိုင်**

ဘာဝါရီမှာ ပြည်သူ့ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းများနှင့်အတူ ၎င်းအတွက် အဓိကစိန်ခေါ်မှုတစ်ရပ်မှာ သောက်သုံးရေသန့်ပြတ်လတ်နေကြသည့် အီရတ်ပြည်သူ ၁၂ သန်းခွဲ အတွက် ရေရရှိရေးပင်ဖြစ်ကြောင်း သိရှိရသည်။ ထို့အပြင် ၎င်း၏လုံခြုံရေးသည်လည်း အမြဲတမ်းအရေးကြီးကိစ္စဖြစ်ကြောင်း သိရှိရသည်။ ထို့ကြောင့် ဘာဝါရီသည် နေ့စဉ်၎င်းသွားရောက်ရာ လမ်းကြောင်းနှင့် သွားလာချိန်တို့ကို အမြဲတမ်းပြောင်းလဲသွားလာကာ အရဲစွန့်လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**အသက်ဆုံးရှုံးခံနိုင်**

အီရတ်နိုင်ငံ၌ ယခုအခါ အီရတ်အစိုးရဝန်ကြီးများသည် လက်နက်ကိုင်များ၏ အဓိကပစ်မှတ်တစ်ခုဖြစ်ပြီး ပြီးခဲ့သော သီတင်းပတ်အတွင်းကလည်း အစိုးရဝန်ကြီးများကို ပစ်မှတ်ထားတိုက်ခိုက်သည့် ကားဗုံးပေါက်ကွဲမှုနှစ်ခု ဘဂ္ဂဒက်မြို့၌ သီးခြားစီဖြစ်ပွားခဲ့ရာ ၎င်းတို့လွတ်မြောက်ခဲ့သော်လည်း အခြားလူခြောက်ဦး သေဆုံးသွားကြောင်း သိရှိရသည်။ ဝန်ကြီးဘာဝါရီအနေနှင့် ၎င်းသည် ဟန့်တားမှုများကို ငြင်းဆန်ပြီး နိုင်ငံအတွက် ယခုလို အလုပ်လုပ်ရင်းနှင့်ပင် အသက်ဆုံးရှုံးခံနိုင်ကြောင်းဖြင့် ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

## လေကြောင်းမှတိုက်ခိုက်

**ဖော်လူဂျာမြို့အား အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် စစ်ဆေးရေးစခန်းအနီး ချိုင့်ကျင်းကြီးဖြစ်သွားသည်ကို စက်တင်ဘာ ၂ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# အီရတ်၌ဖမ်းဆီးထားသော ပြင်သစ်သတင်းစာဆရာနှစ်ဦးအား ပြန်လွှတ်ပေးရန် အယ်လ်ဆာဒါရုံးက တိုက်တွန်း

ကိုင်ရို စက်တင်ဘာ ၁

**လွန်ခဲ့သည့် ၁၀ရက်က အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားတို့က ဓားစာခံအဖြစ် ဖမ်းဆီးခဲ့သော ပြင်သစ်သတင်းစာဆရာနှစ်ဦးကို ချက်ချင်း လွှတ်ပေးရန် အီရတ်ခေါင်းဆောင် မော့တာဒါအယ်လ်ဆာဒါ၏ရုံးက အင်္ဂါနေ့၌ တိုက်တွန်းလိုက်သည်။**

ယင်းသို့လွှတ်ပေးခြင်းသည် အီရတ်ပြည်သူများကို ထောက်ခံသည့် ပြင်သစ်နှင့် ဆက်ဆံရေးအတွက် အထောက်အကူပြုမည် ဖြစ်သည်ဟု ဆာဒါရုံးမှ ရှိခ်ယူဆွတ်အယ်လ်နာဆီရီက အယ်လ်ဂျာဇီရာသို့ ပြောကြားသည်။

စစ်ရေးခုခံတိုက်ခိုက်မှုထက် ငြိမ်းချမ်းရေးကို ဆာဒါအုပ်စုက ဦးစားပေးမည်ဖြစ်ကြောင်း နာဆီရီက ပြောကြားသည်။

**ပျောက်ဆုံးသွား**

လွန်ခဲ့သည့် စနေနေ့၌ ပြန်ပေးအုပ်စုက ပြင်သစ်သတင်းစာဆရာနှစ်ဦးကို ပြန်ပေးဆွဲ ထားကြောင်း အတိအလင်းကြေညာခဲ့သည်။ ထိုပြင်သစ်သတင်းစာဆရာနှစ်ဦးသည် ဩဂုတ် ၂၀ရက်၌ ဘဂ္ဂဒက်မှ နာဂျက်ဖ် သို့အသွား ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။

ထိုသတင်းစာ ဆရာနှစ်ဦး လွတ်မြောက်ရေးအတွက် စေ့စပ်ဆွေးနွေးရန် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးသည် လောလောဆယ်၌ အရှေ့အလယ်ပိုင်းသို့ ရောက်ရှိနေသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ပြန်ပေးဆွဲခံရသည့် ပြင်သစ်သတင်းစာဆရာနှစ်ဦး နောက်ဆုံး သတ်မှတ်သည့်အချိန် ကုန်ဆုံးရမည့်ရက်ထက် ကျော်လွန်ခဲ့

**ကိုင်ရို စက်တင်ဘာ ၁**

အီရတ်၌ ပြစ်သစ်သတင်းစာဆရာနှစ်ဦးအား ပြန်ပေးဆွဲထားသူများ သတ်မှတ်ပေးထားသည့် နောက်ဆုံးအချိန်သည် အင်္ဂါနေ့၌ ကုန်ဆုံးရမည့်ရက်ထက်ကျော်လွန်ကာ နောက်ဆုံးအချိန်သည် ဗုဒ္ဓဟူးနေ့က ကုန်ဆုံးကြောင်း အာရပ်အဖွဲ့ချုပ်က ယုံကြည်သည်ဟု အဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားသည်။

ကုန်ဆုံးချိန်ကို ပြန်ပေးသမားတို့က နောက်ထပ်တစ်နေ့တိုးပေးခဲ့ကြောင်း အာရပ်အဖွဲ့ချုပ်အတွင်းရေးမှူးချုပ် အန်ရာမူဆာက အင်္ဂါနေ့၌ ပြောကြားခဲ့သည်။

ယခင်ပြောကြားထားသည့်၂၄ နာရီ မဟုတ်ဘဲ ၄၈ နာရီ တိုးထားကြောင်း အီရတ်ရှိအဆက်အသွယ်များထံမှ တနင်္လာနေ့၌ အာရပ်အဖွဲ့ချုပ်က ကြားသိခဲ့ကြောင်း အဆိုပါအဆင့်မြင့်အရာရှိက ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

**စောင့်ကြပ်**

**ဘဂ္ဂဒက်မြို့ ဆာဒါစီးတီး အရပ်တွင် အီရတ်ခေါင်းဆောင် အယ်လ်ဆာဒါအား သစ္စာခံသော ခုခံတိုက်ခိုက်ရေးသမားတစ်ဦး ဩဂုတ် ၂၉ ရက်က လုံခြုံရေး စောင့်ကြပ်နေစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# နာဂျက်ဖ်တွင် အီရန် ဓာတ်ပုံသတင်းထောက်တစ်ဦး အီရတ်ရဲအဖွဲ့၏ ဖမ်းဆီးထားခြင်းခံရ

တီဟီရန် စက်တင်ဘာ ၁

**ဖားစ်သတင်းဌာနမှ အီရန်ဓာတ်ပုံသတင်းထောက်တစ်ဦးကို နာဂျက်ဖ်မြို့တွင် အီရတ်ရဲအဖွဲ့က ဖမ်းဆီးထားကြောင်း အစ္စနာသတင်းဌာနက တနင်္လာနေ့၌ သတင်းထုတ်ပြန်လိုက်သည်။**

နာဂျက်ဖ်မြို့၏ ဖြစ်ပေါ်ပြောင်းလဲမှုများကို သတင်း လာယူသော ဟက်ဆန်ကေဒီအား အီရတ်ရဲအဖွဲ့က ကြာသပတေးနေ့၌ ဖမ်းဆီးခဲ့ကြောင်း အစ္စနာသတင်းဌာနက ဖော်ပြသည်။

အီရန်သတင်းစာဆရာများသည် ပြီးခဲ့သည့်သီတင်းပတ်များတွင် အီရတ်ရှိအာဏာပိုင်များနှင့် ပြဿနာဖြစ်ခဲ့ကြရာ ဩဂုတ် ၉ ရက်၌ အီရန်သတင်းထောက် လေးဦးကို ဘဂ္ဂဒက်ရဲအဖွဲ့က ဖမ်းဆီးခဲ့သည်။

အီရတ်ရှိ အီရန် သံတမန်တစ်ဦး ယခုလထဲ၌ အီရတ်တွင် အဖမ်းခံရခြင်းနှင့် သတင်းစာဆရာများအား အီရတ်ရဲအဖွဲ့က ဖမ်းဆီးခဲ့ခြင်းကြောင့် အီရန်နိုင်ငံသည် ဒေါသထွက်ခဲ့သည်။

အီရတ်အရေးကိစ္စတွင် အီရန်နိုင်ငံက ဝင်စွက်နေသည်ဆိုသော စွပ်စွဲချက်ကြောင့် တင်းမာခဲ့ရသည့် နှစ်နိုင်ငံဆက်ဆံရေးကို ဖာထေးရန်အတွက် အီရတ်ကြားဖြတ်အစိုးရ ဒုတိယဝန်ကြီးချုပ် ဘာဟမ်ဆာလီသည် အီရန် နိုင်ငံသို့ စနေနေ့က ရောက်ရှိလာခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

**မြန်မာ့အလင်း နိုင်ငံခြားသတင်းများ**

**ကင်းလှည့်**

**ဘဂ္ဂဒက်မြို့ ဆာဒါစီးတီး၌ တင့်ကားဖြင့် လုံခြုံရေးကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၃၀ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ဒတ်ချ်တပ်ဖွဲ့ဝင်များ ဆာမာဝါ၌ မကြာခဏ တိုက်ခိုက်ခံရ

**ဆာမာဝါ စက်တင်ဘာ ၁**

အီရတ်နိုင်ငံတောင်ပိုင်း ဆာမာဝါမြို့၌ တပ်စွဲထားသော ဒတ်ချ်တပ်ဖွဲ့ဝင်များနှင့် အီရတ်ခေါင်းဆောင် အယ်လ်ဆာဒါ၏ လက်နက်ကိုင်တပ်ဖွဲ့များအကြား အပစ်အခတ်ရပ်စဲရေး စေ့စပ်ညှိနှိုင်းလျက်ရှိသည်။ ဆာမာဝါမြို့ရှိ ဆာဒါ၏ရုံးခန်း၌ ပြီးခဲ့သော တနင်္လာနေ့ကပင် စေ့စပ်ညှိနှိုင်းရေးကို စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ အီရတ်နိုင်ငံ တစ်ဝန်း ခုခံတိုက်ခိုက်နေမှုများရပ်တန့်ရန် ဆာဒါက ၎င်း၏တပ်ဖွဲ့ဝင်များကို ပြောကြားပြီး နောက်တစ်နေ့၌ ဒတ်ချ်တပ်ဖွဲ့များနှင့် စေ့စပ်ညှိနှိုင်းရေးကို ဆာဒါ၏ကိုယ်စားလှယ် ဂါဇေ အယ်လ်ဇီကာဝီက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဆာမာဝါဒေသ၌ ဒတ်ချ်တပ်ဖွဲ့ဝင်များအနေနှင့် ယခုလအတွင်း မကြာခဏတိုက်ခိုက်ခံရပြီး ဒတ်ချ်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရကြောင်း၊ ဆာမာဝါ မြို့အနီးတွင် ဂျပန်တပ်ဖွဲ့ဝင်များလည်း တပ်စွဲထားလျက်ရှိကြောင်း သိရသည်။ **(အင်န်အိပ်ချ်ကေ)**

# အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးကျင်းပမည် အဆင့်မြင့်အရာရှိများ ဂျကာတာ၌တွေ့ဆုံဆွေးနွေး

**ဂျကာတာ စက်တင်ဘာ ၁**

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ (၃၆)ကြိမ်မြောက် စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို သောကြာနေ့မှ တနင်္ဂနွေနေ့အထိ ကျင်းပမည်ဖြစ်ပြီး ထိုအစည်းအဝေးမကျင်းပမီ အာဆီယံအဆင့်မြင့် အရာရှိများသည် ဂျကာတာ၌ အင်္ဂါနေ့က တွေ့ဆုံစည်းဝေးခဲ့ကြသည်။

**ဆွေးနွေးခဲ့**

ယင်းအစည်းအဝေး၌ ဒေသဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများကို ဦးစားပေးရန်ကိစ္စလည်း ထည့်သွင်းဆွေးနွေးခဲ့သည်ဟု အင်ဒိုနီးရှားအရာရှိတစ်ဦးက ပြောကြားသည်။

**ပြောကြား**

ယနေ့ပြုလုပ်သည့် အစည်းအဝေးသည် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးအတွက် ပြင်ဆင်မှုများကို အဓိကထားကြောင်း အင်ဒိုနီးရှားနိုင်ငံခြားကုန်သွယ်ရေးနှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူးက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# တရုတ်နှင့်ယူကရိန်း သံတမန်ဆက်ဆံရေးတိုးချဲ့

ပေကျင်း စက်တင်ဘာ ၁

**တရုတ်နိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးကို ၁၉၉၂ ခုနှစ်တွင် စတင်ခဲ့ပြီးနောက်ပိုင်း နှစ်နိုင်ငံဆက်ဆံရေး သိသိသာသာတိုးတက်လာခဲ့ပြီးနောက် အဆိုပါဆက်ဆံရေးကို တိုးချဲ့သည့်အနေဖြင့် နှစ်နိုင်ငံ လုံခြုံရေးဆိုင်ရာ အကြီးအကဲများ တရုတ်နိုင်ငံ ပေကျင်းမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။**

ထိုသို့ ဆွေးနွေးခြင်းသည် ပထမဦးဆုံးအကြိမ်ဖြစ်ပြီး ဆွေးနွေးပွဲတွင် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် အကြမ်းဖက်မှုနှင့် နယ်စပ်ဖြတ်ကျော် ကျူးလွန်သည့် မှုခင်းများအား တိုက်ဖျက်သွားရန် ဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာ အကြီးအကဲများသည် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်အား လက်မှတ်ရေးထိုး ချုပ်ဆိုနိုင်ခဲ့ကြောင်းလည်း သိရသည်။ **(စီစီတီဗွီ)**

**■ ကျောဖုံးမှ**

အမှတ်(၂) တပ်မတော်ဆေးရုံကြီးရှိ ဂေဟာ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်အကြံပေးအရာရှိ၊ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ပြီး အမှာစကားပြောကြားကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှ ဌာနကြီးမှူးနှင့် ဒုတိယဌာနကြီးမှူးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ကွပ်ကဲမှုအောက်ရှိတပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ရင်းမှူးများ၊ တပ်မှူးများ၊ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့်မိဘများ၊ တပ်ကိုယ်စားလှယ်အရာရှိများ တက်ရောက်ကြသည်။

**အသိအမှတ်ပြု**

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်အကြံပေးအရာရှိ၊ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်ဖွဲ့ဝင် အရာရှိ၊ စစ်သည်များ၏ သားသမီးများ၊ တွဲဖက်တာဝန်ထမ်းဆောင်နေကြသော ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုသည့် အခမ်းအနားဖြစ်ကြောင်း၊ ဤကဲ့သို့ ဂုဏ်ပြုချီးမြှင့်ခြင်းသည် ဂုဏ်ပြုသင့်သူများကို အသိအမှတ်ပြု ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်ကြီးဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ပါဝင်ထမ်းဆောင်ကြမည့် လူသားစွမ်းရည် အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း။

မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုက်ပါနိုင်ရေးလုပ်ငန်းစဉ်များတွင် မိမိတို့၏ကိုယ်ပိုင်အသိပညာရှင်၊ အတတ်ပညာရှင်တို့၏ စွမ်းပကားဖြင့်သာ ပိုင်ပိုင်နိုင်နိုင် ပြည့်ပြည့်ဝဝ တည်ထောင်နိုင်မှာဖြစ်ကြောင်း။

**လေ့ကျင့်ပြုစုပေးနေ**

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အနာဂတ်နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်မည့် လူသားစွမ်းရည်အရင်းအမြစ်များ ပြည့်ပြည့်ဝဝ ဖြစ်ထွန်းလာရေးအတွက် လေ့ကျင့်ပြုစုပေးနေခြင်းဖြစ်ကြောင်း။

ယနေ့ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့် မောင်တို့မယ်တို့အနေဖြင့် မိမိတို့၏ ထူးချွန်ထက်မြက်သည့် ဉာဏ်ရည်ဉာဏ်သွေးများကို အခြေခံပြီး ပိုမိုထူးချွန်ထက်မြက်လာစေရန် အဆင့်မြင့်ပညာရပ်များကို ဝီရိယစိုက်ထုတ်ပြီး ဆက်လက်ကြိုးပမ်းလေ့လာ ဆည်းပူးကြရေးနှင့် နိုင်ငံတော်ကို အကျိုးပြုသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် ကြိုးစားအားထုတ်ကြရေး မှာကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူနိုင်ရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးများနှင့် ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ်တို့က ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများနှင့် တပ်ရင်း၊ တပ်ဖွဲ့များမှ ကိုယ်စားလှယ်များအား ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**နိုင်ငံတော်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်အကြံပေးအရာရှိ၊ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်ဖွဲ့ဝင် အရာရှိ၊ စစ်သည်များ၏ သားသမီးများ၊ တွဲဖက်တာဝန်ထမ်းဆောင်နေကြသော ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနား၌ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)**

၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင် အရာရှိ၊ စစ်သည်များ၏ သားသမီးများနှင့် တွဲဖက်တာဝန်ထမ်းဆောင်နေကြသော ဝန်ကြီးဌာနများမှဝန်ထမ်းများ၏သားသမီးများ စုစုပေါင်း၁၉၇ ဦး အောင်မြင်ခဲ့ပြီး ခြောက်ဘာသာဂုဏ်ထူးနှစ်ဦး၊ ငါးဘာသာဂုဏ်ထူးသုံးဦး၊ လေးဘာသာဂုဏ်ထူးနှစ်ဦး၊ သုံးဘာသာဂုဏ်ထူးငါးဦး၊ နှစ်ဘာသာဂုဏ်ထူး ရှစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူး ၂၂ ဦး အသီးသီးရရှိ၍ ရိုးရိုးအောင်မြင်သူ ၁၅၅ ဦး ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မူးယစ်ဆေးဝါးပပျောက်ရေးနှင့် လူမှောင်ခိုတားဆီးကာကွယ်ရေးလုပ်ငန်းများ လူမှုရေးအဖွဲ့အစည်းအသီးသီး၏အင်အားကိုရယူ ပူးပေါင်းဖြေရှင်း

ရန်ကုန် စက်တင်ဘာ ၃

**ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁) လုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ်(၂/၂၀၀၄)ဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ရဲချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် သင်တန်းနည်းပြများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

**အကောင်အထည်ဖော်**

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်က အမှာစကားပြောကြားရာ၌ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အုပ်ချုပ်ရေးယန္တရား သွက်လက်ထက်မြက်စေရန်အတွက် စံငါးရပ်နှင့် ပြည့်စုံသော အုပ်ချုပ်ရေးသမားကောင်းများကို ဤကျောင်းတော်ကြီးက လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း၊ သင်တန်းသားများအနေဖြင့် လက်တွေ့လုပ်ငန်းခွင်သို့ ဝင်ရောက်သည့်အခါတွင် သင်တန်းက သင်ကြားလေ့ကျင့်ပေးလိုက်သည့် ခေတ်မီ သိပ္ပံနည်းကျသော ခေါင်းဆောင်မှု၊ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုပညာရပ်များကို အသုံးပြု၍ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်၊ ဦးတည်ချက်များဖြစ်သည့် အမျိုးသားရေးမူဝါဒ သုံးရပ်၊ ဦးတည်ချက်(၁၂)ရပ်၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်တို့ကိုလည်း ယုံကြည်ချက်၊ ခံယူချက် ပြည့်ဝစွာဖြင့် ပြည်သူလူထု၏ စုပေါင်းအားကို ရယူပြီး အကောင်အထည်ဖော်ကြရန် မှာကြားလိုကြောင်း။

**ပညာပေးစည်းရုံး**

ကိုလိုနီ ဆိုးမွေတစ်ရပ်ဖြစ်သည့် မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းလုပ်ငန်းများ၊ တရားမဝင် လူမှောင်ခိုတားဆီးကာကွယ်ရေးလုပ်ငန်းများကို လူမှုရေး အဖွဲ့အစည်းအသီးသီး၏ အင်အားကိုရယူပြီး ပူးပေါင်းဖြေရှင်းသွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့အား ပေးအပ်ထားသော လုပ်ငန်းတာဝန်များ၊ ရည်မှန်းချက်များပြည့်ဝအောင်မြင်စေရေးအတွက် အခြားဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ခြင်း၊ ပြည်သူလူထု ပူးပေါင်းပါဝင်လာအောင်ပညာပေးစည်းရုံးခြင်းများ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က သင်တန်းသား ပထမဆုရရှိသူ ကသ-အမှတ် (၁၈) ဦးနိုင်လင်းထွန်းနှင့် သင်တန်းသား ဒုတိယဆု ရရှိသူ ကသ-အမှတ် (၈) ဦးကျော်လွင်ဦးတို့အား ဂုဏ်ပြုဆုတံဆိပ်များချီးမြှင့်၍ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်လိုက်သည်။

**တက်ရောက်**

အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ စီမံခန့်ခွဲရေး ဝန်ထမ်း အဆင့်(၁) လုပ်ငန်းခွင်ဝင် သင်တန်းအမှတ်စဉ် (၂/၂၀၀၄) သို့ သင်တန်းသား ၄၉ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တွင်ခုံဖောက်ခုံသင်တန်းဆင်း

**ရန်ကုန် စက်တင်ဘာ ၃**

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများအတွက် တွင်ခုံဖောက်ခုံသင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်းပွဲနှင့် အမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကင်းမြို့နယ် မြနန္ဒာလမ်းရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပရာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွန့် တက်ရောက် အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ယနေ့ ကျင်းပသော သင်တန်းဆင်းပွဲနှင့် သင်တန်းဖွင့်ပွဲသည် စက်မှုလယ်ယာဦးစီးဌာန ကျောက်ဆည်မြို့နယ် အင်းကုန်းရှိ လယ်ယာသုံးပစ္စည်းထုတ်လုပ်ရေး စက်ရုံအတွက် အသစ်ခန့်ထားသည့် ဝန်ထမ်းများ တက်ရောက်သင်ကြားလေ့ကျင့်ကြခြင်းဖြစ်ကာ သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်မျှကြာမြင့်ပြီးအလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း၌ နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍများအတွက် လိုအပ်သော ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ် ရရှိစေရန် တွင်ခုံဖောက်ခုံသင်တန်း၊ ဂဟေဆက်သင်တန်း၊ လျှပ်စစ်သင်တန်းနှင့် ကြီးကြပ်ရေးမှူး သင်တန်းများကိုပါ ဖွင့်လှစ်သင်ကြား ပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

**သြဂုတ် ၂၉ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်း၏ ၂၀၀၃-၂၀၀၄ နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြက ဒုတိယတန်းပညာရည်ချွန်ဆုရရှိသော မောင်ထက်ပိုင်မိုးမြင့်အား ဆုချီးမြှင့်စဉ်။ (က-ပ)**

# ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)အဌမအကြိမ်ဘွဲ့ယူကျောင်းသားကျောင်းသူများ လက်ရာမွန်ပြပွဲနှင့်စင်တင် တင်ဆက်မှုအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၃

**ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ၂၀၀၃-၂၀၀၄ပညာသင်နှစ် အဌမအကြိမ်ဘွဲ့ယူကျောင်းသားကျောင်းသူများ၏ လက်ရာမွန်ပြပွဲနှင့်စင်တင် တင်ဆက်မှုအခမ်းအနားကို ယနေ့ ညနေ၄နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စာပေ၊ ဂီတ၊ သဘင်၊ ပန်းချီနှင့်ပန်းပု အနုပညာရှင်ကြီးများ၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ်ဦးတင်စိုးနှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ကထိကများ၊ နည်းပြဆရာ ဆရာမများနှင့်ကျောင်းသားကျောင်းသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။**

ရှေးဦးစွာဝန်ကြီးများ၊ဒုတိယဝန်ကြီးနှင့်ဧည့်သည်တော်များသည် ဧည့်ကြိုခန်းမ၌ ခင်းကျင်းပြသထားသော ၂၀၀၃-၂၀၀၄ ပညာသင်နှစ် အဌမအကြိမ် ဘွဲ့ယူကျောင်းသားကျောင်းသူများ၏စွမ်းရည်ပြပန်းချီ၊ပန်းပုလက်ရာမွန်များကို လှည့်လည်ကြည့်ရှုကြရာ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းနှင့် ပါမောက္ခချုပ် ဦးတင်စိုးတို့က ရှင်းလင်းပြသကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် အဌမအကြိမ် ဘွဲ့ယူ ကျောင်းသားကျောင်းသူများ၏ ဂီတ၊သဘင်စင်တင် တင်ဆက်မှုများဖြစ်သည့် မောင်မယ်ယှဉ်တွဲ မြန်မာ့ဆိုင်းပွဲ၊ သန္ဓိဌာန်လေးချက် စုပေါင်းသီဆိုမှု၊ဆန်းနွေဦး ယိုးဒယားသီချင်းကိုစောင်းလက်စွမ်းပြတီးခတ်မှု၊ ကြော့ရှင်းမှုယာ လှသူဇာ ယိမ်း၊ တီးလုံးသံပြိုင် ခုနစ်ပွင့်ဆိုင်တီးခတ်မှု၊ ဇာတိနွယ်တေးသီချင်းသီဆိုဖျော်ဖြေမှု၊ ဆီမီးပုဂံ ပန်းပုဂံ ယိမ်း၊ အီတလီဂီတစာဆိုကြီး Antonio Vivaldi၏ Ovus No.3နှင့် No.5 တေးသွားတို့ကို သရုပ်ဖော်တီးခတ်မှု၊ အောင်ခြင်းရှစ်ပါး တေးသီချင်းကို ရုပ်သေးပညာဖြင့် သရုပ်ဖော် တင်ဆက်မှုနှင့် ချစ်ပန်းဥယျာဉ် ယိမ်း ဖျော်ဖြေ တင်ဆက်မှု များကို ကြည့်ရှုအားပေးကြသည်။

**အဌမအကြိမ်**

ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ၂၀၀၃-၂၀၀၄ပညာသင်နှစ်တွင် အဌမအကြိမ်အဖြစ် ဘွဲ့ယူကြမည့် ကျောင်းသား ကျောင်းသူများမှ ဝိဇ္ဇာဘွဲ့(ဂီတ) ၆၅ဦး၊ (သဘင်)၅၈ဦး၊(ပန်းချီ)၄၇ဦးနှင့် (ပန်းပု) ၃၈ဦးတို့ဖြစ်ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ကံဦးကျောင်းတိုက်တွင် မေတ္တာအခါတော်နေ့ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃**

အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် ဇာဂရာရာမသီရိ မင်္ဂလာကံဦးကျောင်းတိုက်တွင် ဆဌမအကြိမ်မြောက် မေတ္တာအခါတော်နေ့ကို ဩဂုတ်၃၀ရက်က ကျင်းပရာ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များနှင့်မြို့ပေါ်ရှိ ဝတ်အသင်း ၁၅သင်းတို့က နံနက်၉နာရီမှ ည၉နာရီအထိ မေတ္တာသုတ်တော်ကို အသံမစဲရွတ်ဖတ်ပူဇော်ကြသည်။ **(က-ပ)**

# ချင်းပြည်နယ်ကျီခါးထပ်ဆင့်လွှင့်စက်ရုံ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်စတင်ထုတ်လွှင့်

**ရန်ကုန် စက်တင်ဘာ ၃**

ရုပ်မြင်သံကြားတိုးချဲ့ ထုတ်လွှင့်ရေးအစီအစဉ်အရ ချင်းပြည်နယ် ကျီခါးတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၀၄ခုနှစ် ဩဂုတ်၂၅ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါစက်ရုံမှ လွှင့်အား(၁၀)ဝပ်၊ လိုင်းနံပါတ်(၆)ဖြင့် ၂၀၀၄ခုနှစ် ဩဂုတ်၂၆ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သာသနာရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်အား ဂျပန်ဘုန်းတော်ကြီးဟိရိုရှိဖူဂျီကုရနှင့်အဖွဲ့ဝင်များတွေ့ဆုံနှုတ်ဆက်

ရန်ကုန် စက်တင်ဘာ ၃

**သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်အား ရန်ကုန်မြို့၌ရောက်ရှိနေသော ဂျပန်နိုင်ငံ နင်ဘုစုရှုကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဘုန်းတော်ကြီး ဟိရိုရှိဖူဂျီကုရ ဦးဆောင်သောအဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း သာသနာရေးဝန်ကြီးဌာနဝန်ကြီးရုံးရှိ ဧည့်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံနှုတ်ဆက်သည်။**

**တက်ရောက်**

ထိုသို့တွေ့ဆုံရာသို့ သာသနာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)ဒေါက်တာမြင့်ကြည်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ဗြိတိန်နိုင်ငံအနုပညာရှင်များ ဂီတဆည်းဆာဖျော်ဖြေပွဲအခမဲ့ကြည့်ရှုနိုင်

**ရန်ကုန် စက်တင်ဘာ ၃**

ဗြိတိန်နိုင်ငံ Cambridge University, St. Catherine's Collegeမှ အနုပညာရှင်များတင်ဆက် ဖျော်ဖြေမည့် ဂီတဆည်းဆာကို ၆-၉-၂၀၀၄ ရက် တနင်္လာနေ့ ညနေ၆နာရီခွဲတွင် မန္တလေးအမျိုးသားဇာတ်ရုံ၌လည်းကောင်း၊ ၉-၉-၂၀၀၄ရက် ကြာသပတေးနေ့ ညနေ၆နာရီခွဲတွင် ရန်ကုန်အမျိုးသား ဇာတ်ရုံ၌လည်းကောင်း ကျင်းပမည်ဖြစ်ပါ၍ တေးဂီတမြတ်နိုးသူများ အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေးနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့၌ကျင်းပခဲ့သည့် ထိပ်သီးညီလာခံ ကြိုတင်ညှိနှိုင်းအစည်း အဝေးသို့တက်ရောက်ခဲ့ကြသော ဂျပန်နိုင်ငံ နင်ဘုစုရှုကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဘုန်းတော်ကြီး ဟိရိုရှိဖူဂျီကုရ ဦးဆောင်သည့်အဖွဲ့ဝင် ၂၄ဦးပါဝင်သောအဖွဲ့ စက်တင်ဘာ၃ရက် ညပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

# စူပါသတင်းဂျာနယ်ဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၃**

နားထောင်ရုံနဲ့ အားမရတော့ဘဲ ကိုယ်တိုင်လိုက်ဆိုချင်တဲ့ ချစ်သူနားဆင်ဖို့ ဗွီစီဒီကို ဖန်တီးပုံဖော်နေသူများ၊ အမေရိကန်နိုင်ငံရှိ ရုပ်ရှင်ရုံပေါင်းတစ်ထောင်ကျော်တွင် ရုံတင်ပြသတော့မည့် ထယ်စောက်နှင့် ဒါရိုက်တာရင်တို့၏ စစ်အတွင်းက ချစ်ခြင်းမေတ္တာ၊ ဂီတသက်တမ်း ၁၅နှစ်အတွင်းမှ အကောင်းဆုံးတေးများကို ရွေးချယ်သီဆိုထားတဲ့ ပရိသတ်ရင်ကို ကိုင်လှုပ်မယ့် တင့်တင့်ထွန်း Live Show VCD၊ ကွယ်လွန်သူ ဟာသသရုပ်ဆောင် စိန်မြင့်ရဲ့ နေရာကို ဆက်ခံမယ့် ဟာသသဘာဝ သရုပ်ဆောင် သျှားညိုအတွက် မျှော်လင့်ချက်ထွက်လာပြန်၊ စူပါသရုပ်ဆောင်မှ စူပါဒါရိုက်တာအဖြစ် ပြောင်းလဲလာခဲ့သော ကျော်သူခေတ်၊ (၄၉)ကြိမ်မြောက် ဗင်းနစ်ရုပ်ရှင်ပွဲတော် အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆုရ ဂေါင်လီစသော ပြည်တွင်းပြည်ပ ရုပ်ရှင်နှင့် ဂီတအနုပညာရှင် စူပါတို့၏ ဘဝပုံရိပ်များ အပါအဝင်၊ အဆိုတော် ဆုန်သင်းပါရ်၏ စတိုင်အလှရောင်စုံ ဓာတ်ပုံကို ဖော်ပြထားသော စူပါ သတင်းဂျာနယ်အမှတ်(၂၉)ကို ဆင်တောင်ကြီးစာပေ အမှတ်(၄၁)၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်းသိရသည်။ **(က-ပ)**

# မြန်မာနိုင်ငံအနှံ့နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်

ရန်ကုန် စက်တင်ဘာ ၃

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်ထူထပ်ခဲ့ပြီး ကယားပြည်နယ်တွင် နေရာကွက်ကျားနှင့် ကျန်ဒေသများ၌ နေရာကျဲကျဲမှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရှမ်းပြည်နယ်တွင် ဒေသအလိုက်၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။**

**ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေအားနည်းနေကြောင်းသိရသည်။**

**စက်တင်ဘာ ၄ရက် ညနေအထိ ခန့်မှန်းချက်အရ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း(အထက်ပိုင်း)၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။**

**မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။** (မြန်မာ့အလင်း)

# ရာနှုန်း ၈၀ မိုး

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရပ်ကွက်ရှိ အမက(၆)၏ ၂၀၀၄-၂၀၀၅ခုနှစ် ပထမအကြိမ် ကျောင်းသားမိဘ၊ ဆရာဆရာမများ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂၇ရက်က ကျောင်းခန်းမ၌ ကျင်းပရာ သဘာပတိ ရပ်ကွက်ဥက္ကဌ ဦးမြင့်အေးနှင့် ကျောင်းအုပ်ဆရာကြီး ဦးတင်ဖုန်းတို့က အဖွင့်အမှာစကားပြောကြားစဉ်။ (က-ပ)**


# လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- ✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
- ✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။**

# မြန်မာနိုင်ငံ၏ဆေးပညာအဆင့်အတ
# ကမ္ဘာနှင့်ရင်ပေါင်တန်းရန် နိုင်ငံတော်

ရန်ကုန် စက်တင်ဘာ ၃

နိုင်ငံတော်ကချမှတ်ဖော်ဆောင်နေသော လူမှုရေးဦးတည်ချက်(၄)ရပ်အနက် **"တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး"** ဦးတည်ချက်ကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်များနှင့်အညီ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဦးဆောင်မှုဖြင့် မြန်မာ့ဆေးပညာလောကနှင့် မြန်မာနိုင်ငံကျန်းမာရေးကဏ္ဍသည် ကမ္ဘာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနော်မန်လှအား ရင်းရင်းနှီးနှီး ဂုဏ်ပြုနှုတ်ဆက်စဉ်။ (သတင်းစဉ်)**

## ✡ ရှေ့ဖုံးမှ

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနော်မန်လှနှင့် ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ဆရာမများက ကြိုဆိုကြသည်။

**ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီး အထူးကု လူနာဆောင် အထူးကြပ်မတ်ကုသခန်း၌ အသည်းအစားထိုးကုသမှု အောင်မြင်စွာ ခံယူရရှိခဲ့သည့် ကိုခင်ဇော်ထက်နှင့် ကျန်းမာရေးဝန်ထမ်းများ၏ အပြုံးကိုယ်စီကို ဤသို့ တွေ့မြင်ခဲ့ရသည်။ (သတင်းစဉ်)**

### အားပေးစကားပြောကြား

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အထူးကုလူနာဆောင်၊ အထူးကြပ်မတ်ကုသခန်းသို့ သွားရောက်၍ အသည်းအစားထိုး ခွဲစိတ်ကုသမှုခံယူခဲ့သည့် ဝေဒနာရှင် ကိုခင်ဇော်ထက် ကျန်းမာရေးကောင်းမွန်ပြီး ကြည်လင်ရွှင်လန်းစွာ ရှိနေမှုကို ကြည့်ရှု၍ အားပေးစကားပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနော်မန်လှတို့က ဝေဒနာရှင် ကိုခင်ဇော်ထက်၏ ကျန်းမာရေးအခြေအနေ တဖြည်းဖြည်း တိုးတက်ကောင်းမွန်လာသည့်အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည့် ခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများအား ရင်းရင်းနှီးနှီး ဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဝေဒနာရှင် ကိုခင်ဇော်ထက်၏ဇနီးဒေါ်တင်တင်မြင့်အား တွေ့ဆုံအားပေးစကားပြောကြားသည်။

### ဆရာဝန်ကြီးများအားနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ဆရာမများကို ထပ်မံနှုတ်ဆက်ပြီး ညနေပိုင်းတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ပြန်လည်ထွက်ခွာသွားသည်။

### အားထုတ်ကြိုးပမ်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် မိမိနိုင်ငံသူ နိုင်ငံသား ပြည်သူများ

အတွက် ကျန်းမာရေးစောင့်ရှောက်ပေးမှုကို နိုင်ငံတကာအဆင့်မီ အဆင့်အတန်းမြင့်မားစွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးပေးမှုဖြင့် ကျန်းမာရေးကဏ္ဍမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ခွဲစိတ်အထူးကုဆရာဝန်ကြီးများအပါအဝင် ဆေးပညာရှင်ကြီးများက အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ရင်ချင်းဆက် အမွှာကလေးငယ်များအား အောင်မြင်စွာ ခွဲစိတ်ကုသခြင်း၊ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသခြင်း၊ ပြတ်နေသောလက်ကို အနုစိတ်ခွဲစိတ်ကုသခြင်းစသော အဆင့်မြင့်ခွဲစိတ်ကုသမှုများကို အောင်မြင်စွာ ဆောင်ရွက်ခဲ့သည့်နည်းတူ အသည်းအစားထိုးခွဲစိတ်ကုသနိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ခွဲစိတ်အထူးကုသမားတော်ကြီးများက အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

### နိုင်ငံတော်ကပံ့ပိုးပေး

နိုင်ငံတကာသို့ သမားတော်ကြီးများအား စေလွှတ်လေ့လာစေခြင်းများ၊ လိုအပ်သည့် ခေတ်မီခွဲစိတ်ခန်းသုံး ပစ္စည်းကိရိယာများနှင့် အသည်းအစားထိုး ကုသမှုအတွက်လိုအပ်သည့် ခေတ်မီပစ္စည်းကိရိယာများ ဝယ်ယူဖြည့်ဆည်းပေးခြင်းတို့ကို နိုင်ငံတော်က ပံ့ပိုးစီမံဆောင်ရွက်ပေးခဲ့သည်။

အဘက်ဘက်က ပြည့်စုံခဲ့ပြီးနောက် ခွဲစိတ်အထူးကုသမားတော်ကြီးများ၊ အထွေထွေအထူးကုသမားတော်ကြီးများ၊ မေ့ဆေးဆိုင်ရာသမားတော်ကြီးများ၊ ဓာတ်ခွဲခန်းဆိုင်ရာပညာရှင်များ၊ အထူးပြုသူနာပြုများစသည့် ကျန်းမာရေးဝန်ထမ်းများပါဝင်သည့် အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့သည် လိုအပ်သည့် လေ့ကျင့်မှုများ အကြိမ်ကြိမ် ဆောင်ရွက်ခဲ့သည်။

### အောင်မြင်စွာဆောင်ရွက်နိုင်

ထို့နောက် ယခု ဩဂုတ်၂၅ရက်တွင် ကွယ်လွန်သူအသည်းအလှူရှင် မအေးမွန်ထံမှ ရရှိသောအသည်းဖြင့် အသည်းခြောက်ဝေဒနာရှင် ကိုခင်ဇော်ထက်အား အသည်းအစားထိုးကုသပေးမှုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းအသည်းအစားထိုးကုသမှုသည် မြန်မာနိုင်ငံတွင် ပထမဆုံးသော အသည်းအစားထိုး ကုသအောင်မြင်မှုဖြစ်ရာ တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသမှု အောင်မြင်စွာ ခံယူရရှိခဲ့သော ကိုခင်ဇော်ထက်က ခွဲစိတ်ကုသမှုခံယူအပြီးတွင် သတင်းအဖွဲ့ကို ဤသို့ လက်ပြနှုတ်ဆက်ခဲ့သည်။ (သတင်းစဉ်)**

# ာအဆင့်အတန်းတစ်ဆင့်တက်လှမ်း
# ရန် နိုင်ငံတော်က အားပေးမြှင့်တင်

## ပံ့ပိုးဖြည့်ဆည်း

သာဓကအနေဖြင့် ကမ္ဘာ့အဆင့်မီ ခွဲစိတ်မှုကြီးတစ်ရပ်ဖြစ်သည့် မြန်မာနိုင်ငံ၏ ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို ၂၀၀၄ခုနှစ် ဩဂုတ်၂၅ရက်တွင် ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် ဝမ်းမြောက်ဝမ်းသာစွာ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**ဩဂုတ်၂၅ရက်က ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနော်မန်လှ ဦးဆောင်သော ခွဲစိတ်အထူးကု ဆရာဝန်ကြီးများက မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြစဉ်။ (သတင်းစဉ်)**

## အောင်မြင်စွာ ဆောင်ရွက်နိုင်

အသည်းအစားထိုး ခွဲစိတ်ကုသမှုသည် ကမ္ဘာ့ဆေးပညာလောကတွင် ခက်ခဲနက်နဲသော ဆေးပညာရပ်ပိုင်းဆိုင်ရာ ဖြစ်သည်။ ယင်းခက်ခဲနက်နဲသော ဆေးပညာရပ်ကို မြန်မာနိုင်ငံမှ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနော်မန်လှ ဦးဆောင်သော ခွဲစိတ်အထူးကု ဆရာဝန်ကြီးများက အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုခံယူခဲ့သည့် လူနာမှာ အသည်းခြောက်၊ အသည်းကြွပ်ရောဂါကြောင့် ဗိုက်ဖောင်း၍ သွေးငါးကြိမ် အန်ထားသည်အထိ ရောဂါပြင်းထန်စွာ ခံစားနေရပြီး ခြောက်လမှ တစ်နှစ်အတွင်း အသက်ဆုံးရှုံးနိုင်သူဟု ကျွမ်းကျင်သော ဆရာဝန်ကြီးများက တွက်ချက်ထားသူ အသက်(၃၅)နှစ်ရှိ ကိုခင်ဇော်ထက်ဖြစ်သည်။

## အထွေထွေရောဂါကု ဆေးရုံသစ်ကြီး

**မြန်မာနိုင်ငံတွင် ပထမဆုံး အကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်ခဲ့သော ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီးကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)**

**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဝေဒနာရှင် ကိုခင်ဇော်ထက်၏ဇနီး ဒေါ်တင်တင်မြင့်အား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)**

အသည်းအစားထိုး ခွဲစိတ်ကုသနိုင်ရန်အတွက် ခွဲစိတ်ကုသမှုခံယူသူ လူနာနှင့် အသည်းအလှူရှင်တို့ ကြုံကြိုက်မှုရှိရမည်ဖြစ်ပြီး အလှူရှင်၏ အသည်းမှာလည်း ကောင်းမွန်ရန်လိုအပ်ကာ အကြောင်းဖြစ်စဉ်များ တိုက်ဆိုင်မှုရှိမှသာ အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

## ခွဲစိတ်ကုသမှုစတင်

အသည်းအလှူရှင်မှာ အသက်(၃၉)နှစ်အရွယ်ရှိ မအေးမွန်ဖြစ်ပြီး လူနာရှင်တို့၏ခွင့်ပြုချက်အရ အသည်းအလှူရှင်ပေါ်ပေါက်လာ၍ အသည်းဝေဒနာရှင် ကိုခင်ဇော်ထက်အား ဆက်သွယ်ကာ ၂၀၀၄ခုနှစ် ဩဂုတ် ၂၅ရက် နံနက်၁၀နာရီ ၁၅မိနစ်တွင် ခွဲစိတ်ကုသမှုကို စတင်ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ အသည်းအလှူရှင်ထံမှ အသည်းကို ခွဲစိတ်ကုဆရာဝန်များ အဖွဲ့က ဩဂုတ် ၂၅ ရက် နံနက်၇နာရီခွဲတွင် စတင်ခွဲစိတ်ကြရာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် အောင်မြင်စွာ ထုတ်ယူရရှိခဲ့သည်။

## အောင်မြင်စွာပြီးစီး

ကိုခင်ဇော်ထက်ထံမှ ခြောက်နေသောအသည်းကို ခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာနော်မန်လှ ဦးဆောင်သောအဖွဲ့က ထိုနေ့ နံနက်၁၀နာရီ၁၅မိနစ်တွင် စတင်ခွဲစိတ်ဖယ်ရှားခဲ့ပြီး မြန်မာနိုင်ငံတွင် ပထမဦးဆုံး အကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသပေးခဲ့ရာ ည ၁၁နာရီ ၄၅မိနစ်တွင် အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့သည်။

မြန်မာဆေးပညာရှင်များသည် အသည်းအစားထိုးခွဲစိတ်ကုသမှုကို လွန်ခဲ့သောခြောက်လက စီစဉ်ဆောင်ရွက်ခဲ့သော်လည်း လူနာရှိပြီး အသည်းအလှူရှင် မရှိသေးသဖြင့် ဆောင်ရွက်ခွင့်မရဘဲ ရှိခဲ့သည်။

ထိုသို့ အသည်းအစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်နိုင်ရန် နိုင်ငံတော်သည် ကျောက်ကပ်အစားထိုးခွဲစိတ် ကုသမှုအောင်မြင်ပြီးသည့်နောက် မြန်မာ့ဆေးပညာလောကအောင်မြင်မှု တစ်ဆင့်တက်လှမ်းနိုင်ရေးအတွက် ၂၀၀၂ ခုနှစ်ကတည်းက စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

## ဖွဲ့စည်းဆောင်ရွက်ခဲ့

ဆေးပညာရှင်များအား ပြည်ပသို့ ပညာတော်သင်စေလွှတ်ခဲ့ရုံမျှသာမက အထောက်အကူပြုပစ္စည်းများကို ပြည်ပမှ ဝယ်ယူဖြည့်တင်းပေးခဲ့သည်။ ၂၀၀၃ ခုနှစ် မေ ၁၃ရက်တွင် အသည်းအစားထိုးခွဲစိတ်ကုသမှုဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ဦးနှောက်သေဆုံးခြင်းအလှူရှင်ဆိုင်ရာဆပ်ကော်မတီ၊ လူနာရွေးချယ်ရေးနှင့် ဆေးဝါးကုသမှုဆိုင်ရာဆပ်ကော်မတီ၊ လူနာ ရွေးချယ်ရေး၊ ပြုစုစောင့်ရှောက်ရေးနှင့် စဉ်ဆက်မပြတ် ဆေးဝါးကုသမှုဆိုင်ရာ ဆပ်ကော်မတီ၊ ရောဂါဗေဒဆိုင်ရာဆပ်ကော်မတီနှင့် ခွဲစိတ်ကုသမှုဆိုင်ရာ ဆပ်ကော်မတီတို့ပါ ဖွဲ့စည်းဆောင်ရွက်စေခဲ့သည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့ သွားရောက်၍ ဩဂုတ်၂၅ရက်က အသည်းအစားထိုး ခွဲစိတ်ကုသမှုကို အောင်မြင်စွာခံယူခဲ့သူ ကိုခင်ဇော်ထက်၏ ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်မှုကို သွားရောက်ကြည့်ရှုအားပေးသည်။

## သာဓကပြ

ကိုခင်ဇော်ထက်မှာ ကျန်းမာရေးကောင်းမွန်တိုးတက်လျက်ရှိပြီး အတွဲမပါဘဲ လမ်းလျှောက်နိုင်ကာ နိုင်ငံတော်ဝန်ကြီးချုပ်အား ဂါရဝပြုတွေ့ဆုံ၍ ကျန်းမာရေး ကောင်းမွန်ပါကြောင်း၊ နိုင်ငံတော်နှင့် ဆေးပညာရှင်များအား အထူးကျေးဇူး တင်ရှိပါကြောင်း လှိုက်လှိုက်လှဲလှဲ ပြောကြားခဲ့သည်။

ကိုခင်ဇော်ထက်သည် မြန်မာဆေးပညာရှင်တို့၏ ကျွမ်းကျင်မှုနှင့် မြန်မာနိုင်ငံကျန်းမာရေး၏ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို သက်သေသာဓကပြလိုက်ခြင်းပင်ဖြစ်သည်။ **(သတင်းစဉ်)**

**ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီး အထူးကု လူနာဆောင် အထူးကြပ်မတ်ကုသခန်း၌ အသည်းအစားထိုးကုသမှု အောင်မြင်စွာ ခံယူရရှိခဲ့သည့် ကိုခင်ဇော်ထက်က ကျန်းမာရေးအထူးတိုးတက်ကောင်းမွန်ကြောင်း ဤသို့ လက်မနှစ်ချောင်းထောင်၍ ပြုံးရွှင်စွာ ပြသခဲ့သည်။ (သတင်းစဉ်)**

# နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ကို ဂုဏ်ပြုကြိုဆို

မိုးထက်မြင့်
(မြစ်ဝကျွန်းပေါ်)

**"မြကန်သာ တောင်ကျချောင်းတေး**
**ရေဝင်ပြေးလှည့်၊ ရေအေးကြည်စွာ**
**ကန်ပိုင်မာလျက်၊ ကြာပေါင်းထုံထုံ**
**ငှက်မျိုးစုံသည်၊ ဘုံဝတီက**
**နန္ဒာလော၊ တူစွ ဟုတ္တာ။ ။"**

(အမည်မသိ ပုဂံရှေးစာဆို)

အထက်ဖော်ပြပါ ကဗျာလေးသည် ပုဂံခေတ် ကျစွာမင်း (၁၂၃၅-၁၂၄၉) တုရင်တောင်ခြေရှိ မြကန်ကို တူးဖော်ခဲ့ရာ ပုဂံအမည်မသိ စာဆိုတစ်ဦး၏ ပုဂံလေသံ၊ ပုဂံကာရန်များဖြင့် ဖွဲ့ဆိုခဲ့သည့် မြန်မာတို့၏ အဦးအစ ကဗျာပင်ဖြစ်သည်။ ကျစွာမင်းကြီးသည် ပိဋကတ်သုံးပုံကို ကိုးခေါက်အာဂုံဆောင်နိုင်ခဲ့သည်။

မြန်မာတို့၏ သမိုင်းဦးမှာ တကောင်းပထမ ပျူမြန်မာခေတ်ဦး (ဘီစီ ၆ရာစုခန့်)၊ ဒုတိယတကောင်း ပျူမြန်မာခေတ် ဘီစီ ၆ရာစုခန့်၊ ဗိဿနိုး ပျူမြန်မာခေတ် အေဒီ ၁ရာစုခန့်၊ ဟန်လင်း ပျူမြန်မာခေတ် (အေဒီ ၄ရာစု-၉ရာစု) သရေခေတ္တရာ ပျူမြန်မာခေတ်(အေဒီ ၄ရာစု-၁၀ ရာစု)ခေတ်ပြိုင်၊ (အေဒီ ၈၄၉)တွင် ပျူမြန်မာ ခေတ်ပုဂံမြို့တည်၊ မြန်မာပုဂံခေတ် အနော်ရထာ (အေဒီ ၁၀၄၄-၁၂၉၈)၊ ပင်းယခေတ် (အေဒီ ၁၂၉၉-၁၃၆၃)၊ အင်းဝခေတ် (အေဒီ ၁၃၆၄-၁၅၂၆)၊ တောင်ငူခေတ် (အေဒီ ၁၅၂၇-၁၅၉၆)၊ ညောင်ရမ်းခေတ် (အေဒီ ၁၅၉၇-၁၇၅၁)၊ ကုန်းဘောင်ခေတ် (အေဒီ ၁၇၅၂-၁၈၈၅)၊ ထိုသမိုင်းခေတ်များတွင် မြန်မာတို့၏ ဘာသာ သာသနာ၊ ယဉ်ကျေးမှုနှင့်အနုပညာစာပေများ ထွန်းလင်း တောက်ပခဲ့သည်။

(အေဒီ ၁၈၈၆)မှစ၍ မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက် ကျရောက်ခဲ့ရာတွင် မြန်မာစာပေသည်လည်း ဖိနှိပ်ချုပ်ချယ် ကန့်သတ်မှုများ ခံခဲ့ရသည်။ မြန်မာတို့ စာမတတ်၊ အသိပညာဖွံ့ဖြိုးမှုနည်း၍ ဆင်းရဲတွင်းနက်ခဲ့ရပြီး ကျောက်ကြီးရောဂါ၊ ကာလဝမ်းရောဂါ၊ မျက်ခမ်းစပ်ရောဂါ၊ ငှက်ဖျားရောဂါစသော ကပ်ရောဂါကြီးများ၏ ဖိစီးမှုကို ခံစားခဲ့ကြရသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၆)နှင့် အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဩဝါဒ စကား မြွက်ကြားရာတွင်-

**"ကိုလိုနီလက်အောက် မြန်မာ့ရေးရာကို လေ့လာသုံးသပ်လျှင် ဖိနှိပ်မှု၊ သွေးစုပ်မှု၊ သွေးခွဲအုပ်ချုပ်မှုများ ခံစားခဲ့ရသည့် ကာလဖြစ်ကြောင်း၊ ကိုလိုနီ နယ်ချဲ့စနစ်၏ ဆိုးမွေများကို လွတ်လပ်ရေးရပြီးကာလတွင် စတင်ခံစားရကြောင်း။**

**နယ်ချဲ့လက်အောက် ကျရောက်ခဲ့ရသည့် ပြည်သူများသည် သူ့ကျွန်ဘဝက လွတ်မြောက်ပြီး လွတ်လပ်သော အချုပ်အခြာအာဏာ ပြန်လည်ရရှိရေး၊ ခိုင်မာတောင့်တင်းသည့် နိုင်ငံတော်အဖြစ် ရပ်တည်နိုင်ရေး မျှော်မှန်းချက်ဖြင့် စည်းလုံးညီညွတ်စွာ အားထုတ်ခဲ့မှုကြောင့် ၁၉၄၈ခုနှစ်တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် မြန်မာနိုင်ငံတော်အဖြစ် ပြန်လည်ရပ်တည် လာနိုင်ခဲ့ကြောင်း"**

မိန့်ကြားခဲ့သည်။

နယ်ချဲ့၏ သွေးထိုးလှုံ့ဆော်မှု ပယောဂများကြောင့် လွတ်လပ်ရေးရပြီး ၁၉၄၈မှ ၁၉၆၃ အထိ ပြည်တွင်းသောင်းကျန်းမှု၏ မီးလောင်မြိုက်မှုကို ခံခဲ့ရသဖြင့် မြန်မာနိုင်ငံ၏ စာမတတ်သူပပျောက်ရေးလုပ်ရှားမှု မှေးမှိန်ခဲ့ရသည်။

**"မြင်လျက် ကန်းရ၊ သည်ဘဝတွေ**
**ပျောက်ကြပါစေ၊ ကင်းကြစေဟု၊**
**စာပေအသိ၊ ဉာဏ်မျက်စိတွေ**
**ကြည့်မြင်နိုင်စေ၊ လင်းကြစေဟု၊**
**ရွှေခယ်တို့မြေ၊ လုပ်အားခြွေမည်**
**နွေ၏အလှ၊ ဝ.ထ.က.လ.သ။ ။"**

မောင်နွယ်ဘွား၏ ကဗျာဖြစ်သည်။ နွေ၏အလှ နွေကာလ၌ မြန်မာတို့ လှုပ်ရှားဆောင်ရွက်ခဲ့သော ပညာဒါနကို ဖွင့်ဟလှစ်ကျူးသော ကဗျာလေးသည် အသုံးလုံး လွမ်းတေးတစ်ပုဒ်ပင် ဖြစ်သည်။

ကမ္ဘာမှာ မြန်မာဟော့ဟု အသုံးလုံးနှင့် ပတ်သက်၍ မြန်မာ့အရည်အသွေးကို ဖော်ပြနိုင်ခဲ့သည်။

၁၉၆၄ခုနှစ်မှ ၁၉၈၃ခုနှစ်ကာလအတွင်း မြန်မာနိုင်ငံ စာတတ်မြောက်ရေး လူထုလှုပ်ရှားမှု (အသုံးလုံးကျေစီမံကိန်း၊ မူလတန်းပညာ မသင်မနေရစီမံချက်များ)ဖြင့် ဆောင်ရွက်ခဲ့ရာ စာမတတ်သူ ၅၇ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၁ ဒသမ၄ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်။ စာတတ်မြောက်သူ ၇၈ဒသမ ၆ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာခဲ့သည်။

မြန်မာနိုင်ငံ အသုံးလုံးကျေ (3Rs)စာတတ်မြောက်ရေး လှုပ်ရှားမှုကို ဆရာ ဆရာမ၊ တက္ကသိုလ်၊ ကောလိပ်မှ ကျောင်းသူကျောင်းသားများ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ နယ်ချဲ့တို့က အမှောင်တိုက်သွင်းထား ပိတ်ပင်ထားခဲ့သော မြန်မာတို့၏ မျက်စိများ ပြန်လည်ပွင့်လန်းကာ ပညာအလင်းရောင် ဆောင်နိုင်ခဲ့ပေသည်။ ထို့ကြောင့်ပင် ၁၉၇၁ခုနှစ်တွင် မိုဟာမက်ရီဇာပလာဗီ စာတတ်မြောက်ရေးဆုကို မြန်မာနိုင်ငံအား ချီးမြှင့်ခြင်းခံခဲ့ရသည်။ အလားတူပင် ၁၉၈၃ ခုနှစ်တွင် ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့ကြီးက ချီးမြှင့်သော နိုမာ(Nomar Prize)ဆုကို ရရှိခဲ့ပြန်သည်။

ကမ္ဘာ့စာမတတ်သူ ပပျောက်ရေးနေ့ကြီးအတွက် တစ်မျိုးသားလုံး စာတတ်မြောက်ရေး လှုပ်ရှားမှုတွင် တက္ကသိုလ်ကျောင်း၊ ဆရာအတတ်သင်ကျောင်း၊ သိပ္ပံနှင့် ကောလိပ်များမှ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများအပါအဝင် စေတနာရှင်ပေါင်း ငါးသိန်းခန့်ပင် ပါဝင်ခဲ့ကြသဖြင့် စာတတ်မြောက်သူ ဦးရေ ၂ဒသမ၄ သန်းခန့်အထိတိုးတက်မြင့်မားလာခဲ့သည်။ မြို့နယ်ပေါင်း ၃၁၈ မြို့နယ်အတွင်း ၂၉၇မြို့နယ်ကို မြို့နယ်လုံးကျွတ် စာတတ်မြောက်ကြောင်း မင်္ဂလာရှိစွာ ကြေညာနိုင်ခဲ့သည်။ မြန်မာတို့သည် အမျိုးသားရေးအားမာန်အပြည့်ဖြင့် ပညာရေးအတွက် ခေတ်အဆက်ဆက် ကြိုးစားလှုပ်ရှားခဲ့ကြခြင်းဖြစ်သည်။

မှတ်မိနေသေးသည်။ ၁၉၆၆ခုနှစ် ကျောင်းပိတ်ရက်တွင် တက္ကသိုလ် ကျောင်းသူကျောင်းသားများသည် အသုံးလုံးကျေ သင်တန်းအတွက် တက်ကြွစွာ အားမာန်အပြည့်ဖြင့် အရန်သင့်ရှိနေကြသည်။ အချို့ကျောင်းသူလေးများမှာ ခရီးသွားလျှင် ဖျားတတ်သဖြင့် 'မြင်းမိုရ်ကုန်းဆေး' 'ဩသဓဆေး' 'ဆရာမောင်ဆေးနီမှုန့်' တို့ကို အမေက အထုပ်ကလေးနှင့် ထုပ်ပေးလိုက်သည်။ တက္ကသိုလ်ကျောင်းပိတ်ရက်ဆိုတော့ ဥသြပျံတေးဆိုသည့် တပေါင်းနွေနေပူကျဲကျဲမှာဖြစ်သည်။ တက္ကသိုလ် ကျောင်းသူ ကျောင်းသားများ မီးရထားကြီးစင်းလုံးအပြည့်ဖြင့် ကျေးလက်တွင် အသုံးလုံးသင်ရန်သွားကြသည်။ မောရမှန်းမသိ၊ ပန်းရမှန်းမသိ၊ အမျိုးသားရေး အားမာန်အပြည့်ဖြင့် လှုပ်ရှားခဲ့ကြသည်။ ကမ္ဘာကပေးသည့် ဆုများကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။ ယနေ့ ၂၁ ရာစုနှစ်၏ တိုးတက်သော ပညာရေးပုံရိပ်၏ အခြေခံများပင်ဖြစ်သည်။

လွန်ခဲ့သော နှစ်ငါးဆယ်အတွင်း ကမ္ဘာ့အတိုင်းအတာအားဖြင့်လည်းကောင်း၊ မြန်မာ့အတိုင်းအတာ အားဖြင့်လည်းကောင်း၊ စာမတတ်မှု အခြေအနေ အရပ်ရပ်ကို ဆန်းစစ်သုံးသပ်မှုအပေါ် အခြေခံ၍ ရရှိလာသည့် ဆောင်ရွက်ရမည့် နည်းလမ်းမှာ နှစ်ရပ်ဖြစ်သည်။

ကျောင်းနေအရွယ်ဖြစ်သည့် ကလေးများကို အခြေခံပညာမူလတန်းကျောင်းများ၌ ကျောင်းနေဖြစ်အောင်




တစ်နည်းအားဖြင့် ပညာသင်ယူဖြစ်အောင် ကြံဆောင်ကြိုးပမ်းအားထုတ်မှု ပြုလုပ်သည့် နည်းလမ်းသည် ပထမလမ်းသွယ် ဖြစ်သည်။

ထိုလမ်းသွယ်အရ ဆောင်ရွက်ခြင်းအပြင် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေဖြစ်ခြင်းကြောင့် ငယ်ရွယ်စဉ်ကပင် စာတတ်သူများ ဖြစ်လာကြသည်။ တစ်သက်တာ စာတတ်သူများလည်း ဖြစ်သွားကြပေသည်။

ထိုနည်းလမ်းသည် စာမတတ်သူအဖြစ်သို့ မရောက်သွားစေရန် ရည်ရွယ်ပြီး "ကာကွယ်ထားသည့်နည်းလမ်း" (Preventive Measure) ဖြစ်ခြင်းကြောင့် စာမတတ်မှုကို အမြစ်ကစ၍ ဖြတ်တောက်ပစ်သည့် နည်းလမ်းဟူ၍လည်း ဆိုနိုင်သည်။

၂၀၀၃ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ် အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၈ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်အားပေးခဲ့သည်။

ရှေးဦးစွာ ရွှေတံဆိပ်ဆုရှင် အခြေခံပညာကျောင်းသားကျောင်းသူများက "တို့အင်တို့အား" သီချင်းကိုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။ ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင်-

**"ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် မိမိနိုင်ငံသူ နိုင်ငံသားပြည်သူများ ပညာရည်မြင့်မားရေးအတွက် ဘက်စုံကဏ္ဍစုံ၌ စနစ်တကျစီမံချမှတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာတွင် စာတတ်မြောက်ရေးလှုပ်ရှားဆောင်ရွက်မှုများကိုပါ အရေးပါသော အခန်းကဏ္ဍ၌ ထည့်သွင်းပြီး အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။**

**ယင်းကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသားများအတွက် စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို အမျိုးသားရေး သန္နိဋ္ဌာန်ဖြင့် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်ရင်း ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတကာ ပညာရေးပူးပေါင်းဆောင်ရွက်မှုများတွင်လည်း မြန်မာနိုင်ငံအနေဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း"**

မိန့်ကြားခဲ့သည်။

မျက်မှောက်ခေတ်မြန်မာနိုင်ငံတွင် လူဦးရေအားလုံး၏ ၉၃ ဒသမ ၃ရာခိုင်နှုန်း စာတတ်မြောက်ခဲ့ကြပြီဖြစ်သည်။ စာတတ်မြောက်ရေးမှ စာဖတ်ရှိန်မြှင့်တင်ရေး၊ အစဉ်သင်ယူသင်ကြားနေသော မြန်မာ့လူ့ဘောင်ပေါ်ထွန်းရေး တိုးမြှင့်ကြိုးပမ်းလျက်ရှိသည်။ ၂၀၀၅-၂၀၀၆ခုနှစ်တွင် ကျေးရွာအုပ်စုတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်ထောင်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက် ရှိနေပေသည်။

ကျောင်းနေအရွယ် ကလေးအားလုံး မူလတန်းပညာပြီးဆုံးသည်အထိ ကျောင်းနေရေးကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စည်းရုံးနိုင်ခဲ့၍ တစ်နိုင်ငံလုံး ကျောင်းနေနှုန်း ၉၆ဒသမ၅၆ရာခိုင်နှုန်း ရှိခဲ့ပြီဖြစ်သည်။ ကမ္ဘာ့မူလတန်း ကျောင်းနေနှုန်းနှင့် နှိုင်းယှဉ်ကြည့်လျှင် မြန်မာနိုင်ငံ၏ ကျောင်းနေနှုန်းက ပိုမို မြင့်မားနေကြောင်း ဂုဏ်ယူဖွယ်ရာ တွေ့ရှိနိုင်သည်။

ကျန်ရှိသည့် စာမတတ်သူ လူဦးရေ ရာခိုင်နှုန်းထဲမှ ၂၀၀၄ခုနှစ် စက်တင်ဘာလအထိ သက်ကြီးစာတတ်မြောက်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရသည်-

**(၂၀၀၄ခုနှစ်တွင် စာတတ်လာသူပေါင်း)**

(က) အမှတ်(၁)အခြေခံပညာ ဦးစီးဌာန

နယ်မြေ ၈၅၉၆၇

(ခ) အမှတ်(၂)အခြေခံပညာ ဦးစီးဌာန

နယ်မြေ ၁၅၁၅၇၄

(ဂ) အမှတ်(၃)အခြေခံပညာ ဦးစီးဌာန

နယ်မြေ ၁၄၁၁၆

(ဃ) နယ်စပ်ဒေသများ

၃၉၂၇

---

စုစုပေါင်း

၂၅၅၅၈၄

မြန်မာနိုင်ငံသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကို အထူးဦးစားပေး ဆောင်ရွက်လျက်ရှိသည်။

ပညာသင်ယူမှု အခွင့်အလမ်းများ တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်တိုးပွား ဖြစ်ထွန်းလာစေရန် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များကို ယခင်ကာလများကထက် အဆများစွာတိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံအတွင်းတွင် ၁၉၈၈ခုနှစ်က တက္ကသိုလ်နှင့် ကောလိပ်ပေါင်း ၃၂ခုသာရှိခဲ့ရာမှ ယခုအခါတက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၁၅၄ခုအထိ ရှိလာခဲ့ပြီဖြစ်သည်။ ပညာရေးအခွင့်အလမ်းများ တိုးပွားဖြစ်ထွန်းလာသည်နှင့်အမျှ ၁၉၈၈ခုနှစ်တွင် တက္ကသိုလ်၊ ကောလိပ်ကျောင်းသူ ကျောင်းသား တစ်သိန်းသုံးသောင်းကျော်သာရှိခဲ့ရာ ၂၀၀၃ခုနှစ်တွင် တက္ကသိုလ်၊ ကောလိပ်ကျောင်းသူကျောင်းသားပေါင်း ရှစ်သိန်းကိုးသောင်းအထိ ရှိလာခဲ့သည်။ အဆင့်မြင့်ပညာကဏ္ဍတွင် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်း ဒေသများအားလုံး၌ အဆင့်မြင့်ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ တိုးတက် ဖြစ်ထွန်းလာစေရန် ဒေသအလိုက် လူ့စွမ်းအား အရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်စေရေး ဦးတည်ပြီး ပြည်နယ်နှင့်တိုင်း ၁၄ခုတွင် ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ခု သတ်မှတ်ကာ အထူးဒေသကြီးများကို အခြေခံပြီး တက္ကသိုလ်၊ ကောလိပ်များကို ဖြန့်ကြက် တည်ဆောက် ဖွင့်လှစ်ပေးလျက်ရှိသည်။

**"မှတ်ဖွယ်ရာရာ ထိုထိုစာကို ရှာ၍မပြတ် အိမ်တွင်ဖတ် ဖတ်ပြန်သော်ကား ဖတ်ဖန်များက သားမယားပင် သိမြင်ကင်းကွာ မလိမ္မာလည်း စာပေစကား နေ့တိုင်း**




## အထူးအယူခံခုံရုံး ရုံးထိုင်ကြားနာ

**ရန်ကုန် စက်တင်ဘာ ၃**

တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် (ရန်ကုန်) တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်နှင့် ဦးမြင့်သိန်းတို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၁၀ နာရီတွင် တရားရုံးချုပ်(ရန်ကုန်) ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှုသုံးမှုကို ရုံးထိုင် ကြားနာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ (၅)နှစ်မြောက်အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ တည်ထောင် ဖွဲ့စည်းခဲ့သည့် (၅)နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပရာ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌများ၊ ပညာရှင်အမှုဆောင်အဖွဲ့ဝင်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဘာသာရပ်အဖွဲ့ခေါင်းဆောင်များ၊ ပညာရှင်အဖွဲ့ဝင် ပါမောက္ခဌာနမှူးများနှင့် ကွန်ပျူတာမဟာသိပ္ပံနှင့် ဒီပလိုမာသင်တန်းသား ဆရာ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဦးက ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ (၅)နှစ်မြောက် အထိမ်းအမှတ် ဟောပြောပွဲကို ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ICTအကြောင်း နှင့်စပ်လျဉ်း၍ ရှင်းလင်း ဟောပြောပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ရက်က တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးဆေးရုံတွင် ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေးက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။**
(က-ပ)

## အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု ကျန်းမာရေးပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃**

အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ကျန်းမာရေး ပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉နာရီက ရန်ကင်းပညာရေးကောလိပ်၊ လေ့ကျင့်ရေး အလယ်တန်းကျောင်း၌ ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံ ဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်လေးကြီး၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာ ဒေါ်ခင်အုံးလွင်၊ ဒေါက်တာဒေါ်ခင်သန်းနွယ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် ကျန်းမာရေး ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်ကြည်ကြည်သန်းနှင့် မြို့နယ်စည်ပင်၊ ကျန်းမာရေးအဖွဲ့ဝင်များ၊ လေ့ကျင့်ရေးအလယ်တန်း ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**အမှာစကား**

ရှေးဦးစွာ လေ့ကျင့်ရေးအလယ်တန်းကျောင်းအုပ် ဆရာမကြီး ဒေါ်ယဉ်ယဉ်နွဲ့က အဖွင့်မိတ်ဆက်အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ဆရာဝန်အသင်း အမျိုးသမီး ဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်လေးကြီးကအမှာစကားပြောကြားပြီး **(အောက်ပုံ)** ကျန်းမာရေး ဦးစီးဌာန အာဟာရဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်မြင့်မြင့်ဇင်က "ဆယ်ကျော်သက်တို့၏ အာဟာရနှင့် ကျန်းမာရေးအကြောင်း" ဟောပြောကာ အခမ်းအနားကို နံနက် ၁၀ နာရီတွင် ရုပ်သိမ်းလိုက်သည်။

**လေ့လာကြည့်ရှု**

အခမ်းအနားအပြီးတွင် အမျိုးသမီး ဆရာဝန်များအဖွဲ့သည် ကျောင်းတွင်းရှိ ကျောင်းကျန်းမာရေး ပြခန်း၊ ပညာရေး ပြက္ခဒိန် လှုပ်ရှားမှုပြကွက်များနှင့် ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်ဆိုင်များ ရောင်းချနေမှုတို့ကို လေ့လာကြည့်ရှု ကြသည်။ **(က-ပ)**

အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ

**အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်**

(၁-၉-၂၀၀၄ မှ ၇-၉-၂၀၀၄)

မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။

အသက်(၆)လမှ (၅)နှစ်အောက်ကလေးများအား ဗီတာမင်အေဆေးလုံးတိုက်ပါ။

အရွယ်ရောက်ပြီးသောအမျိုးသမီးများ သံဓာတ်အားဆေးမှီဝဲပါ။

ကလေးသူငယ်များအား အာဟာရပြည့်ဝသည့်အစာများ စုံလင်စွာကျွေးပါ။

ကျန်းမာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ သတ္တုတွင်းဝန်ကြီးဌာန။

**ဗဟန်းမြို့နယ် အမှတ်(၂၅) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၉ ရက်က ကျောင်းခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်နိုင်ဝင်းက စာစီစာကုံး ပထမဆုရရှိသော စတုတ္ထတန်းမှ မောင်အောင်ဆန်းမွန်အား ဂုဏ်ပြုဆုပေးအပ်စဉ်။**
(က-ပ)

## မြန်မာ့ရုပ်မြင်သံကြား

**၄-၉-၂၀၀၄ (စနေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ မင်းကွန်းဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိမော်ကွန်း (ဒုတိယဆယ်စုနှစ်) (အပိုင်း-၂)
၇:၅၀ ၆။ သံသာချိုအေး မင်္ဂလာတေး
၈:၀၅ ၇။ အကပဒေသာ
၈:၁၅ ၈။ ကျောက်ကြီးပေါက်တံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Grammar Made Easy
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၀၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"**(အပိုင်း-၂၃)
၁၃:၄၅ ၇။ မြန်မာ့ဆေးလောက၏ သမိုင်းမှတ်တိုင်သစ် (အသည်းအစားထိုး ကုသခြင်း) (အပိုင်း-၂)
၁၄:၀၀ ၈။ **"ရှင်နှောင်းကျောင်းရောက်ပြီ"** (ကြည်စိုး၊ ထူးသာ၊ ချောနဝင်း၊ ကျော်မေခမွန်၊ ယွန်းငုံဖူး) ဒါရိုက်တာ-ဦးခင်ဇော် (ကေသီပန်)
၁၄:၁၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၄:၃၀ ၁၀။ သဖန်းဆိပ်ဘက်စုံရေလှောင်တမံ
၁၄:၄၅ ၁၁။ International News
၁၅:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ)(သတ္တဗေဒ)
၁၇:၁၅ ၆။ **"စက်မှုတပ်ဆင်လုပ်ငန်းတွင်"** (အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ မို့မို့မြင့်အောင်) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၁၇:၂၀ ၇။ တီးကွက်ညီညာ ညွှန့်ဟန်သာ
၁၇:၃၀ ၈။ တေးဂီတအစီအစဉ်
၁၇:၄၀ ၉။ မြန်မာစာ မြန်မာစကား
၁၇:၅၀ ၁၀။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၈:၁၅ ၁၁။ တေးဂီတအစီအစဉ်
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ Discovery
၁၉:၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်"** (အပိုင်း-၁၁)
၁၉:၄၀ ၁၆။ တေးဂီတအစီအစဉ်
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှလုံးသားထဲကတစ်ခုတည်းသောအချစ်"** (အပိုင်း-၂၁)

**တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပမည့်** The 12th Conference of Directors of National Libraries in Asia and Oceania **နှင့် နိုင်ငံတကာစာအုပ်ဈေးပွဲတော်သို့ တက်ရောက်ရန်အတွက် အမျိုးသားစာကြည့်တိုက် ညွှန်ကြားရေးမှူး ဦးကျော်ဦးနှင့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်း တွဲဖက်ဘဏ္ဍာရေးမှူး ဦးချိုအေးတို့ စက်တင်ဘာ ၂ ရက်က ထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။**
(က-ပ)

# (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့် အားကစားဝန်ကြီး တက်ရောက်အမှာစကားပြောကြား

**ရန်ကုန် စက်တင်ဘာ ၃**

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၈နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံတွင်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အားပေးပြီး အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ယမန်နှစ်အမျိုးသားချန်ပီယံ ရန်ကုန်တိုင်းအသင်းနှင့် အမျိုးသမီးချန်ပီယံ ဧရာဝတီတိုင်း အသင်းတို့မှ တံခွန်စိုက်ဒိုင်းများ ပြန်လည်အပ်နှံရာ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် လက်ခံရယူပြီး အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

**စတင်ကျင်းပ**

ဆက်လက်၍ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ပဏာမမြန်မာ့လက်ရွေးစင်အသင်းမှ အမျိုးသမီး နှစ်ယောက်တွဲနှင့် အမျိုးသားသုံးယောက်တွဲ ပိုက်ကျော်ခြင်းသရုပ်ပြခတ်ကစားပြသပြီး ပြိုင်ပွဲကိုစတင်ကျင်းပသည်။

**ပါဝင်ယှဉ်ပြိုင်**

အဆိုပါ ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ အမျိုးသားသုံးယောက်တွဲပြိုင်ပွဲ ပြည်နယ်နှင့်တိုင်း ၁၂ ခုမှ ပြိုင်ပွဲဝင်အသင်းပေါင်း ၂၉သင်း၊ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲ ပြည်နယ်နှင့်တိုင်း ၁၀ခုမှ ပြိုင်ပွဲဝင်အသင်းပေါင်း ၁၅သင်း စုစုပေါင်း ၄၄သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ **(မြန်မာ့အလင်း)**

# အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးဒိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၃

**၂၀၀၄ခုနှစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတံခွန်စိုက်ဒိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ်၃၀ရက် ညနေ၃နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားပြိုင်ကွင်း၌ ကျင်းပသည်။**

နောက်ဆုံးဗိုလ်လုပွဲအဖြစ် အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် အမျိုးသမီးဘောလုံးအသင်းနှင့် အမှတ်(၇) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားရာ အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

**ဆုပေးအပ်ချီးမြှင့်**

ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တစ်ဦးချင်းဆုများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုများနှင့် အသန့်ရှင်းဆုံးအသင်းဆုရ တောင်ကြီးတပ်နယ် နယ်မြေ(၁)ဘောလုံးအသင်းတို့အား ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝင်းမြင့်နှင့် အရာရှိကြီးများက ဆုပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ပထမရရှိသွားသော အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

အဆိုပါပြိုင်ပွဲ၌ ၁၇သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲကာလမှာ ဩဂုတ် ၁၁ရက်မှ ၃၀ရက်အထိဖြစ်သည်။ **(က-ပ)**



**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို အားပေးကြည့်ရှုစဉ်။ (မြန်မာ့အလင်း)**

# စင်ကာပူတံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာပြေးခုန်ပစ်အဖွဲ့ ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၃**

၂၀၀၄ခုနှစ် စက်တင်ဘာ ၄ရက်နှင့် ၅ရက်တို့တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် (၆၆)ကြိမ်မြောက် စင်ကာပူတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်း (ဒါရိုက်တာ ထူးထရေးဒင်း ကုမ္ပဏီလီမိတက်) ခေါင်းဆောင်သည့် အုပ်ချုပ်သူ၊ နည်းပြဆရာနှင့် အားကစားသမား စုစုပေါင်း ၁၀ ဦး ပါဝင်သော မြန်မာပြေးခုန်ပစ်အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

မြန်မာ့ပြေးခုန်ပစ် အားကစားအဖွဲ့အား မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် နာယက ဗိုလ်မှူးချုပ်မြင့်ဇော်၊ အမှုဆောင် ဦးစံထွန်းနှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

မြန်မာ့ပြေးခုန်ပစ် အဖွဲ့တွင် နည်းပြချုပ် ဦးကျော်ခင်(အမှုဆောင် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်)နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဈေးများဌာန ဌာနစုမှူး ဒေါ်နုနုရီတို့က နည်းပြအဖြစ် တာဝန်ယူ ဆောင်ရွက်မည်ဖြစ်ပြီး အားကစားသမားများမှာ မီတာ၅၀၀၀နှင့် ၁၀၀၀၀ ပြိုင်ပွဲအတွက် အောင်သီဟ (ပြည်ထဲရေး)၊မီတာ၂၀၀၊၄၀၀နှင့် လေးယောက် မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲအတွက် ကေခိုင်လွင်(ပြည်ထဲရေး)နှင့် လဲ့လဲ့ဝင်း (စီးပွား/ကူးသန်း)၊ မီတာ ၈၀၀နှင့် မီတာ၄၀၀ လေးယောက် လက်ဆင့်ကမ်းပြိုင်ပွဲအတွက် ယဉ်ယဉ်ခိုင် (မြို့တော်စည်ပင်)၊ မီတာ ၈၀၀၊ ၁၅၀၀ နှင့် မီတာ ၄၀၀ လေးယောက် လက်ဆင့်ကမ်းပြိုင်ပွဲအတွက် မြင့်မြင့်အေး (မြို့တော်စည်ပင်)၊ မီတာ ၁၅၀၀ နှင့် မီတာ ၅၀၀၀ ပြိုင်ပွဲအတွက် ဖြူဝါသက် (စက်မှု-၁)နှင့် မီတာ ၅၀၀၀ လမ်းလျှောက်ပြိုင်ပွဲအတွက် ကေခိုင်မျိုးထွန်း(စီးပွား/ကူးသန်း)တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# အာဆီယံရေဒီယိုဉာဏ်စမ်း ပဟေဠိပြိုင်ပွဲဆုချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၃**

၂၀၀၄ခုနှစ် ဩဂုတ်လတွင် မြန်မာ့အသံ ရေဒီယိုအစီအစဉ်က ထုတ်လွှင့်ခဲ့သော အာဆီယံအကြောင်းသိကောင်းစရာများအတွက် အာဆီယံဉာဏ်စမ်း ပဟေဠိပြိုင်ပွဲကို စက်တင်ဘာ ၂ရက် နံနက်ပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပရာ ဝါသနာရှင်များ ဝင်ရောက်ဖြေဆိုကြသည်။ အဆိုပါပြိုင်ပွဲတွင် ပထမဆု မလှိုင်ရယ်ထွန်း သန်လျင်မြို့နယ် ရန်ကုန်တိုင်း၊ ဒုတိယဆု မအေးအေးအောင် မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်း၊ တတိယဆု မောင်မင်းသူ အင်းစိန်မြို့နယ် ရန်ကုန်တိုင်း၊ နှစ်သိမ့်ဆု မခင်မျိုးကျော် အင်းစိန်မြို့နယ် ရန်ကုန်တိုင်းတို့က အသီးသီးရရှိပြီး ဆုများကို တာဝန်ရှိသူက ပေးအပ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေဒီယိုအစီအစဉ်မှ ASEAN IN ACTION စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)အကြောင်း သိကောင်းစရာများကို အပတ်စဉ် စနေနေ့ နံနက် ၉ နာရီ ၄၅မိနစ်တွင်အသံလွှင့်လျက်ရှိပြီး လစဉ်ပြုလုပ်လျက်ရှိသော ASEAN Radio Quiz ပြိုင်ပွဲများမှ စက်တင်ဘာလအတွက် ပြိုင်ပွဲကို အောက်တိုဘာ ၁ ရက် နံနက် ၁၀နာရီတွင် ပြုလုပ်မည်ဖြစ်၍ ဖြေဆိုလိုသူများသည် နံနက် ၉နာရီခွဲအရောက် မြန်မာ့အသံသို့ လာရောက်သတင်းပို့ကြရန်ဖြစ်သည်။ စိတ်ပါဝင်စားသူ မည်သူမဆို ပညာအရည်အချင်း၊ အသက် ကန့်သတ်ချက်မရှိ ဝင်ရောက်ဖြေဆိုနိုင်ကြောင်းနှင့် ထိုက်တန်သောဆုကြေးနှင့် စရိတ်များ ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ-ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် မုံရွာမြို့တွင်ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၃**

Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ မြန်မာ-ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယပွဲစဉ် (Second Leg) အဖြစ် Monywa Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၁၆ရက်မှ ၁၉ရက်အထိ စစ်ကိုင်းတိုင်း မုံရွာမြို့ မုံရွာဂေါက်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

**ယှဉ်ပြိုင်ခွင့်မရှိ**

ဒုတိယပွဲစဉ်တွင် Professional Golfers များနှင့်အတူ ပါဝင်ယှဉ်ပြိုင်ကြမည့် အမျိုးသားအပျော်တမ်း ဂေါက်သီးရိုက်အားကစားသမားများအတွက် Handicap သုညမှ (၁၂)ချက်အထိရှိသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး အသက်(၁၈)နှစ် မပြည့်သေးသူများ ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်း သိရသည်။

**ကြိုပို့စီစဉ်ထား**

Monywa Open Golf Championship ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများအတွက် မော်တော်ယာဉ်စီစဉ်ထားရှိပြီးဖြစ်၍ ရန်ကုန်-မုံရွာမြို့သို့လိုက်ပါကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် စက်တင်ဘာ ၇ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ Han Event Management ရုံး ဖုန်း-၅၄၂၉၈၉ နှင့် ၇၂၃၂၂၁ တို့သို့ အမည်စာရင်း ပေးသွင်းရမည်ဖြစ်ပြီး မုံရွာမြို့မှ မုံရွာဂေါက်ကွင်းသို့လည်း မော်တော်ယာဉ်ကြိုပို့များ စီစဉ်ထားသည်။

**နောက်ဆုံးထားစာရင်းပေးသွင်း**

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် Professional Golfers များနှင့် အမျိုးသားအပျော်တမ်း ဂေါက်သီးရိုက်အားကစားသမားများသည် စက်တင်ဘာ၁၄ရက် မွန်းလွဲ၂နာရီ နောက်ဆုံးထား၍ အမှတ်(၁၅) ကမ္ဘာ့ဇလမ်း ဗဟန်းမြို့နယ် ရန်ကုန်တိုင်းနှင့် မုံရွာမြို့ Monywa Golf Club ဖုန်း-၀၇၁-၂၁၅၅၀သို့ ပြိုင်ပွဲဝင်အမည်စာရင်း ပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၀၆ခုနှစ် ဂျာမနီနိုင်ငံ၌ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဥရောပခြေစစ်ပွဲများ ယနေ့ယှဉ်ပြိုင်ကစားကြမည်

**ရန်ကုန် စက်တင်ဘာ ၃**

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲများကို တိုက်ကြီးများအလိုက်အုပ်စုခွဲကာ ကျင်းပလျက်ရှိနေပြီဖြစ်သည်။ ၂၀၀၆ ခုနှစ် ဂျာမနီနိုင်ငံတွင်ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် တိုက်ကြီးများအလိုက် အုပ်စုခွဲခဲ့ရာတွင် အာဖရိကအတွက် အုပ်စုငါးခုရှိပြီး အသင်း ၃၀၊ အာရှအတွက် အုပ်စုရှစ်ခုရှိပြီး အသင်းပေါင်း ၃၂ သင်း၊ ဥရောပအတွက် အုပ်စုရှစ်ခုရှိပြီး အသင်းပေါင်း ၅၁ သင်း၊ မြောက်နှင့်အလယ်ပိုင်းအမေရိကနှင့် ကာရစ်ဘီယံအတွက် အုပ်စုသုံးခုရှိပြီး အသင်းပေါင်း ၁၂သင်း၊ သမုဒ္ဒရာဇုန်အတွက် ခြောက်သင်း၊ တောင်အမေရိကအတွက် ၁၀သင်းတို့ ခြေစစ်ပွဲများ ကစားရမည်ဖြစ်သည်။

ခြေစစ်ပွဲများ ကစားရာတွင် ဥရောပမှလွဲ၍ ကျန်အာဖရိက၊ အာရှ၊ မြောက်နှင့် အလယ်ပိုင်းအမေရိကနှင့် ကာရစ်ဘီယံ၊ သမုဒ္ဒရာဇုန်နှင့် တောင်အမေရိကတို့တွင် ဘောလုံးအသင်းများအနေဖြင့် အချို့ပွဲများကစားခဲ့ပြီးဖြစ်သော်လည်း ဥရောပအနေဖြင့် ပွဲများမကစားရသေးပေ။

### ခြေစစ်ပွဲ တစ်ပွဲစီကစားခဲ့

သို့သော် ဥရောပတွင်အုပ်စု ရှစ်ခုရှိရာတွင် အုပ်စု(၁)၌ မက်ဆီဒိုးနီးယား၊ ရိုမေးနီးယား၊ ဖင်လန်၊ အာမေးနီးယားတို့ ခြေစစ်ပွဲ တစ်ပွဲစီ ကစားပြီးကာ အုပ်စု(၃)၌ စလိုဗက်ကီးယား၊ အက်စတိုးနီးယား၊ လက်ချင်စတိန်းနှင့် လူဇင်ဘတ် အသင်းတို့လည်း ခြေစစ်ပွဲ တစ်ပွဲစီ ကစားခဲ့ကြပြီး ဖြစ်သည်။

ဥရောပအတွက် ခြေစစ်ပွဲများကို စက်တင်ဘာ ၄ ရက် **(ယနေ့)** တွင် ပြန်လည်စတင်ကစားတော့မည်ဖြစ်ရာ အိုင်ယာလန်နှင့် ဆိုက်ပရပ်စ်၊ မြောက်အိုင်ယာလန်နှင့် ပိုလန်၊ အဇာဘိုင်ဂျန်နှင့် ဝေးလ်စ်တို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

### ပြင်သစ်တွင် ကစားရမည်

စက်တင်ဘာ ၄ရက်တွင် ဩစတြီးယားနှင့်အင်္ဂလန်၊ အီတလီနှင့်နော်ဝေး၊ ပြင်သစ်နှင့် အစ္စရေးတို့လည်း ကစားကြရမည်ဖြစ်သည်။ နာမည်ကြီး အင်္ဂလန်နှင့် ဩစတြီးယားတို့ ခြေစစ်ပွဲကိုပထမအကျော့အဖြစ် ဩစတြီးယား၌ ကစားရမည်ဖြစ်သည်။ အီတလီနှင့် နော်ဝေးအသင်းတို့ ခြေစစ်ပွဲ ပထမအကျော့အဖြစ် အီတလီနိုင်ငံတွင် ကစားရမည်ဖြစ်ပြီး ပြင်သစ်နှင့် အစ္စရေးအသင်းတို့ ပထမအကျော့ ခြေစစ်ပွဲအဖြစ် ပြင်သစ်နိုင်ငံ၌ ကစားရမည်ဖြစ်သည်။

စက်တင်ဘာ ၄ရက်တွင် ကစားရမည့် အင်္ဂလန်နှင့် ဩစတြီးယားတို့ပွဲတွင်ပါဝင်ယှဉ်ပြိုင်ကစားမည့် အားကစားသမားစာရင်းကို အင်္ဂလန်နည်းပြ အဲရစ်ဆင်က ထုတ်ပြန်ခဲ့ရာ **(ဂိုး)**ဒေးဗစ်ဂျိမ်းစ်၊ရော်ဘင်ဆင်၊ ဂရင်း၊ **(နောက်တန်း)** ဂယ်ရီနဗီးလ်၊ အက်ရှ်လေကိုး၊ ဝိန်းဘရစ်ချ်၊ ဂျွန်တယ်ရီ၊ လက်ဒလေကင်း၊ ကာရေဂါနှင့် အပ်ဆန်၊ **(အလယ်တန်း)** ဘက်ဟမ်း၊ လမ်းပတ်၊ ဂျရတ်၊ ဒိုင်ယာ၊ ဟားဂရေ့စ်၊ နစ်ကီဘတ်၊ ရှောင်ရိုက်ဖီးလစ်၊ ဂျိုကိုးလ်၊ ဂျီးနပ်စ်**(ရှေ့တန်း)** မိုက်ကယ်အိုဝင်၊ ဗက်ဆဲလ်၊ ဒီဖိုးနှင့် စမစ်တို့ ပါဝင်ကြသည်။

### စုစည်းလေ့ကျင့်

အင်္ဂလန်အသင်းတွင် ပါဝင်ကစားမည့် အဓိကကစားသမားများဖြစ်သည့် ဘက်ဟမ်းနှင့် မိုက်ကယ်အိုဝင်တို့

**သတင်းဆောင်းပါး—မောင်မောင်မြင့်ဆွေ**

အင်္ဂလန်သို့ အချိန်မီရောက်ရှိပြီး အသင်းအတွက် စုစည်းလေ့ကျင့်မှုအချိန်များများရရှိရေး ကြိုးစားခဲ့သော အဲရစ်ဆင်အနေဖြင့် အသင်းသားများစုစည်းမှုစုံလင်စွာဖြင့် သုံးရက်ခန့်လေ့ကျင့်ခဲ့ကြရသည်။

### အီတလီအသင်းလူစာရင်း

ထို့အတူ နော်ဝေးအသင်းနှင့် ခြေစစ်ပွဲကစားမည့် အီတလီအသင်းမှာလည်း အီတလီနည်းပြလစ်ပီက ပါဝင်ကစားမည့် လူစာရင်းကို ထုတ်ပြန်လိုက်ပြီဖြစ်သည်။ အီတလီအသင်းတွင် ပါဝင်ကစားမည့်သူများမှာ**(ဂိုး)** ဘူဖွန်၊ ပယ်လစ်ဇိုလီ၊ ဘိုနီးရား၊ **(နောက်တန်း)** ဖရာရီ၊ လီရောတယ်ဂယ်လီ၊ မာတာရာဇီ၊ နက်စတာ၊ အော့ဒိုး၊ ဇောင်ယီ၊ **(အလယ်တန်း)** ဇမ်ဘရော့တာ၊ ဒီရော့စီ၊ အမ်ဘရိုစီနီ၊ ဖီအိုရီ၊ ဒိုင်ယာနာ၊ ဂတ်တူဆို၊ ပါလို၊ **(ရှေ့တန်း)** ကော်ရယ်ဒီ၊ ဒယ်ပီယာရို၊ ဂီလာဒီနီ၊ မစ်ကိုလီ၊ ကိုနီ၊ တော့တီတို့ ပါဝင်ကြသည်။

### အသွင်သစ်ဖြင့် မြင်ရမည်

အီတလီနှင့် နော်ဝေးအသင်းတို့ ခြေစစ်ပွဲအဖြစ် အီတလီနိုင်ငံ ပါရာမိုမြို့တွင် ကစားရမည်ဖြစ်ပြီး အီတလီအသင်းသေချာပေါက်အနိုင်ရရှိမည်ဟု အီတလီနည်းပြက ပြောကြားလျက်ရှိသည်။ အီတလီအသင်း ကစားနည်းသစ်

**ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ခြေစမ်းပွဲအဖြစ် ဂျာမနီနှင့် ဩစတြီးယားအသင်းတို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ဂျာမနီတိုက်စစ်မှူးကီဗင်ကူရမ်ညီ(ယာ) ဂိုးသွင်းပြီးနောက် နည်းပြကလင်းစမန်း(ဝဲ)က ဂုဏ်ပြုစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

များဖြင့် ပုံသဏ္ဌာန်ပြောင်းလဲမှသာ ၂၀၀၆ကမ္ဘာ့ဖလား ခြေစစ်ပွဲ ခရီးလမ်းချောမွေ့မည်ဖြစ်ရာ အီတလီအသင်းကို အသွင်သစ်၊ ပုံသဏ္ဌာန်သစ်ဖြင့် မြင်တွေ့ရမည်ဟုလည်း ပြောဆိုလျက် ရှိသည်။

### ယနေ့ပွဲများ

စက်တင်ဘာ ၄ရက်**(ယနေ့)**တွင် ဥရောပ၌ ခြေစစ်ပွဲ ကစားရမည့်ပွဲပေါင်း ၃၁ပွဲရှိရာ ၎င်းပွဲများထဲမှ ပရိသတ်စိတ်ဝင်စားစရာကောင်းမည့်ပွဲများမှာ အီတလီနှင့် နော်ဝေး၊ ဩစတြီးယားနှင့် အင်္ဂလန်၊ ဒိန်းမတ်နှင့် ယူကရိန်း၊ ပီရူးနှင့် အာဂျင်တီးနား၊ ပြင်သစ်နှင့် အစ္စရေးအသင်းတို့ ကစားရမည့်ပွဲများဖြစ်သည်။

### အကြိတ်အနယ်ယှဉ်ပြိုင်မည်

ဂျာမနီနိုင်ငံတွင် ၂၀၀၆ခုနှစ်၌ ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနောက်ဆုံးအဆင့် ဖိုင်နယ်ပွဲ၌ ပါဝင်ဆင်နွှဲနိုင်ခွင့်ရရှိရေးအတွက် ဥရောပအသင်းများ၏ ခြေစစ်ပွဲရလဒ်များ ကောင်းမွန်ရန် အကြိတ်အနယ် ယှဉ်ပြိုင်ကြတော့မည်ဖြစ်ရာ စိတ်ဝင်စားဖွယ် ကြည့်ရှုရတော့မည်ဖြစ်ပါသည်။ ။ **(မြန်မာ့အလင်း)**

# ကမ္ဘာတစ်လွှား အားကစား

## ဗျူးရစ်ချန်ပီယံ ဂေါက်သီးရိုက်ပြိုင်ပွဲ ဝူဒီဩစတင်ဗိုလ်စွဲ

**ကွန်နက်တီကတ် စက်တင်ဘာ ၂**

ဝူဒီဩစတင်သည် အမေရိကန်မှ တမ်ဟာရွန်နှင့် ဗျူးရစ်ချန်ပီယံဂေါက်သီးရိုက်ပြိုင်ပွဲဗိုလ်လုပွဲတွင် ယှဉ်ပြိုင်ကစားရာ၌ ဝူဒီဩစတင်က ပထမကျင်းတွင် ဘာဒီရပြီး ဗျူးရစ်ချန်ပီယံဖြစ်သွားခဲ့သည်။ ၎င်းသည် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ၄ ဒသမ ၂ သန်းရရှိသွားသည်။

အဆိုပါဂေါက်သီးရိုက်အားကစားသမားနှစ်ဦးသည် ဗိုလ်လုပွဲစဉ်၌ စုစုပေါင်းရိုက်ချက် ၂၇၀ တွင် ၁၀ ချက်စီ လျှော့ရိုက်ခဲ့ကြသည်။

အမေရိကန်အိုးပင်း ချန်ပီယံဟောင်း ကိုရေးပါဗင်၊ ဂျပ်ဆင်ဘိုနင်နှင့် မတ်ဂိုရယ်တို့သည် ဆဋ္ဌမအဆင့်၌သာရှိခဲ့ကြသည်။

**အမ်အင်အေ၊ရိုက်တာ**

## ဘာလက်ဘန်းမှဒွိုက်ယော့ ဘာမင်ဂမ်စီးတီးသို့ရောက်

**လန်ဒန် စက်တင်ဘာ ၂**

ပရီမီးယားလိဂ်အသင်းတစ်သင်းဖြစ်သော ဘာမင်ဂမ်စီးတီးအသင်းသည် ဘာလက်ဘန်းရိုဗာအသင်းမှ ထရီနီဒက်တိုက်စစ်မှူး ဒွိုက်ယော့အား ပြောင်းရွှေ့စရိတ် ထုတ်ဖော် ပြောကြားခြင်းမရှိဘဲ စာချုပ်ဖြင့်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း အဆိုပါ ကလပ်ဝက်ဘ်ဆိုက်တွင် ဗုဒ္ဓဟူးနေ့က ပြောကြားလိုက်သည်။

ဒွိုက်ယော့သည် ၁၉၈၉ခုနှစ်က အက်တွန်ဗီလာတွင် ကစားလျက်ရှိပြီး ၁၉၉၈ ခုနှစ်တွင် မန်ယူသို့ ပေါင် ၁၂ သန်း ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိလာသူဖြစ်သည်။၎င်းသည် မန်ယူတွင် လေးနှစ်ဆက်တိုက် အောင်မြင်မှုများရရှိခဲ့ပြီး ယခင်နှစ်က ဘာလက်ဘန်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။

**အမ်အင်အေ၊ရိုက်တာ**



## ဘရာဇီးသမ္မတအား ရော်နယ်ဒိုအမှတ်တရပစ္စည်း ပေးအပ်

**ရီယိုဒီဂျနေရိုး စက်တင်ဘာ ၂**

ကမ္ဘာကျော် ဘောလုံးသမားတစ်ဦးဖြစ်သည့် ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုသည် မကြာမီက ဟေတီနိုင်ငံတွင် ကျင်းပခဲ့သော ငြိမ်းချမ်းရေးအထိမ်းအမှတ် ဘောလုံးပြိုင်ပွဲတွင် ဘရာဇီးအမျိုးသား ဘောလုံးအသင်းကို ဦးဆောင်ကစားခဲ့သည်။

ရော်နယ်ဒိုသည် ဆင်းရဲနွမ်းပါးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ သံတမန်တစ်ဦးလည်း ဖြစ်သည်။ ရော်နယ်ဒိုအား လူသားအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ထူးချွန်သော ဘောလုံးပညာများကို ဂုဏ်ပြုသော အခမ်းအနားတစ်ခုတွင် ဘရာဇီးသမ္မတ လူလာဒါဆီလ်ဗာအား ၎င်း၏အမှတ်တရအဖြစ် ဘောလုံးကန်ဖိနပ်တစ်စုံကို ပေးအပ်ခဲ့သည်။**(အပေါ်ပုံ)** **အမ်အင်အေ၊ရိုက်တာ**

## အိုလံပစ်အကြိုဗိုလ်လုပွဲရောက် အီရတ်အသင်း ၂၀၀၆ ကမ္ဘာ့ဖလား အောင်မြင်မှုရရေးမျှော်မှန်း

**ဘဂ္ဂဒက် စက်တင်ဘာ ၂**

အီရတ်နိုင်ငံက ၎င်း၏ လက်ရွေးစင်အမျိုးသားဘောလုံးအသင်းအား အေသင်အိုလံပစ်ဘောလုံးပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့မှုအတွက် ဂုဏ်ပြုပွဲတစ်ရပ် ကျင်းပခဲ့သည်။

ယင်းကဲ့သို့ အကြိုဗိုလ်လုပွဲတွင် တက်ရောက်နိုင်ခဲ့ခြင်းသည် ၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးပြိုင်ပွဲများတွင် တက်လှမ်းနိုင်မည်ဟု ယုံကြည်ကြောင်း၊တိုင်းပြည်တွင် ခက်ခဲသော အခြေအနေများရှိနေလင့်ကစား အကောင်းဆုံး ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း နည်းပြအက်နန်ဟာမက်က ရိုက်တာသို့ ပြောကြားသည်။

အိုလံပစ်တွင် ပါဝင်ကစားခဲ့မှုသည် ကစားသမားများအတွက် ပိုမိုအားတက်လာကြောင်း၊ ၎င်းတို့၏ အနာဂတ်ကို မျှော်လင့်၍ရကြောင်း ၎င်းက ပြောကြားသည်။အီရတ်အသင်းသည် အေသင်အိုလံပစ်ပြိုင်ပွဲ၌ အီတလီအသင်းနှင့် ကြေးတံဆိပ်ဆုအတွက် ယှဉ်ပြိုင်ကြရာတွင် တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။

**အမ်အင်အေ၊ရိုက်တာ**

# ၂၀၀၄–၂၀၀၅ ခုနှစ် ဘောလုံးရာသီ တတိယတန်းခြေစစ်ပွဲ ကစားမည်

**ရန်ကုန် စက်တင်ဘာ ၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၄–၂၀၀၅ ခုနှစ်ဘောလုံးရာသီတတိယတန်း ခြေစစ်ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၆ရက်မှ ၃၀ ရက်အထိ ဒဂုံမြို့သစ်(တောင်ပိုင်း)အားကစားပြိုင်ကွင်း၌ ကျင်းပမည် ဖြစ်သည်။

ပြိုင်ပွဲတွင် ၁၉သင်းပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ အုပ်စုသုံးစုခွဲခြား၍ ရှုံးထွက်ပွဲစဉ်များ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များရေးဆွဲထားရာ အုပ်စု(က)၌ ရေကျော်လူငယ်အသင်း၊ ဂန္ဓဝင်သစ်လူငယ်အသင်း၊ ရွှေရောင်ရန်ကင်းအသင်း၊ ဧကရာဇ်အသင်း၊ စကိုင်းအီလက်ထရွန်နစ်အသင်းနှင့် အီလဲဗင်းန်အသင်းတို့ ပါဝင်ကြသည်။

အုပ်စု(ခ)၌ မျိုးဆက်သစ်လူငယ်အသင်း၊ ရွက်သစ်လူငယ်အသင်း၊ မြန်မာပြည်သားအသင်း၊ ကြံခင်းစုလူငယ်အသင်း၊ ရွှေသရဖူအသင်းနှင့် ဘလူးဒရက်ဂွန်အသင်းတို့ ပါဝင်ကြသည်။ အုပ်စု(ဂ)တွင် ဝင်းနားအသင်း၊ မြန်မာနိုင်ငံရဲတပ်ရင်းအသင်း၊ အရှေ့လူငယ်အသင်း၊ မျိုးချစ်လူငယ်အသင်း၊ ဝင်းနားကွန်ပျူတာဂရဖ်အသင်း၊ ပေါ်ပြူလာအသင်းနှင့် ရန်ကုန်ဗဟိုလူငယ်အသင်းတို့ ပါဝင်ကြသည်။

အုပ်စုပထမရရှိကြသော သုံးသင်းသည် ၂၀၀၄–၂၀၀၅ ခုနှစ်ဘောလုံးရာသီတတိယတန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိကြမည်ဖြစ်သည်။ စက်တင်ဘာ ၆ရက်ညနေ ၃နာရီတွင် အုပ်စု(က) ပထမပွဲစဉ်အဖြစ် ရေကျော်လူငယ်အသင်းနှင့် ဂန္ဓဝင်သစ်လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

**(မြန်မာ့အလင်း)**

## ဒေးဒရဲမြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃**

ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ကျေးရွာအုပ်စု ပေါင်းစုံ (မိုးရာသီ) ဘောလုံးပြိုင်ပွဲကွင်းဖွင့်ပွဲအခမ်း အနားကို ဩဂုတ် ၂၉ရက်တွင် ဒေးဒရဲမြို့နယ် မြို့မအားကစားကွင်းသစ်ကြီး၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘောလုံးဆပ်ကော်မတီဝင်များ၊ ဘောလုံး ဝါသနာရှင်ပရိသတ်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ဆန်းကျော်က အမှာစကားပြောကြားပြီး ကွင်းဖွင့်ပွဲကို ကျင်းပသည်။ ပြိုင်ပွဲတွင် စိုက်ပျိုးရေးစခန်း နယ်မြေအလိုက် ကျေးရွာအုပ်စုပေါင်းစုံအသင်း ၁၇သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

## ပိုလ်တထောင်စေတီ၌ တရားတော်များဟောကြားမည်

**ရန်ကုန် စက်တင်ဘာ ၃**

စက်တင်ဘာ ၇ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင် ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက အဖျောက် ဆရာတော်ဘဒ္ဒန္တဇနက အရှင်သူမြတ်ကလည်းကောင်း၊ ညနေ ၃ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မန္တလေးတိုင်းတံတားဦးမြို့နယ် ကျွန်းဦး စာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တဝိလာသဂ္ဂအရှင်သူမြတ်ကလည်းကောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ တရားတော်များဟောကြား ချီးမြှင့်တော်မူမည် ဖြစ်ကြောင်းသိရသည်။

**(က-ပ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၃၁-၈-၂၀၀၄ရက် မြန်မာ့အလင်းသတင်းစာ(စာမျက်နှာ-၁၄) တွင် ပါရှိသော ဆရာကန်တော့ပွဲ နှီးဆော်လွှာ (၅/၈၂)ဒုတိယနှစ် အမ်ဘီဘီအက်စ် ဆေးတက္ကသိုလ်မန္တလေး ကြော်ငြာတွင် ကျင်းပမည့်ရက်မှာ ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၃ ရက်အစား ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၃၁ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပဲခူးတိုင်းဥပဒေအရာရှိလုပ်ငန်းညှိနှိုင်း

**ရန်ကုန် စက်တင်ဘာ ၃**

ပဲခူးတိုင်း ဥပဒေအရာရှိ ဦးဟန်ညွန့်သည် တောင်ငူခရိုင်ဥပဒေရုံးသို့ ဩဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် ရောက်ရှိပြီး တောင်ငူခရိုင်ဥပဒေအရာရှိ ဦးသိန်းမြင့်နှင့် လက်ထောက်ခရိုင်ဥပဒေအရာရှိများ၊ ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဥပဒေရေးရာများကို ညှိနှိုင်းဆွေးနွေးသည်။

**ညှိနှိုင်းဆွေးနွေး**

ဩဂုတ် ၂၉ ရက် နံနက်ပိုင်းတွင် တိုင်းဥပဒေအရာရှိသည် ရေတာရှည်မြို့နယ်ဥပဒေရုံးမှ မြို့နယ်ဥပဒေအရာရှိ ဒေါ်လဲ့လဲ့ဝင်းနှင့် ဒုတိယမြို့နယ် ဥပဒေအရာရှိများ၊ ရုံးဝန်ထမ်းများနှင့် လည်းကောင်း၊ ဩဂုတ် ၃၀ ရက်တွင် အုတ်တွင်းမြို့နယ်ဥပဒေရုံးမှ မြို့နယ်ဥပဒေအရာရှိ ဦးတင်ဝင်းနှင့် ဒုတိယမြို့နယ်ဥပဒေအရာရှိများ၊ ရုံးဝန်ထမ်းများနှင့်လည်းကောင်း တွေ့ဆုံ၍ ဥပဒေရေးရာ၊ စီမံရေးရာများကို အပြန်အလှန် ညှိနှိုင်းဆွေးနွေးသည်။ **(က-ပ)**

JOB VACANCIES
( For Local Services Only )
Myanmar Millennium Group Co., Ltd.
Require the following posts
(1) Marketing Manager (M/F) 1 - Post
(2) Marketing Executive (M/F) 4 - Post
- must be graduate.
- good command in English.
- at least 3 years experience in IT field.
- must have excellent communication skill and pleasant personality.
- must have good computer knowledge.
Apply to No.4(D), Myaynigone Plaza, Sanchaung Tsp, Yangon, Myanmar within 2 weeks.( Please include CV, recent passport photo, a copy of labour registration card.) ( Salary in Kyats.)



## စီးပွား/ကူးသန်းဂျာနယ် အတွဲ(၄)၊ အမှတ်(၁၆)ဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၃**

ဆရာမောင်စူးစမ်း၊ ဆရာအောင်သင်း၊ ဆရာပါရဂူ၊ ဒေါက်တာခင်မောင်ညို၊ ဦးဟန်ထွန်းတို့၏ ဆောင်းပါးများနှင့် အတူ သုတ၊ရသ ဆောင်းပါးများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည့် စီးပွား/ကူးသန်းဂျာနယ် အတွဲ(၄)၊ အမှတ်(၁၆)ကို အမှတ် ၃၈၊ လမ်း ၃၀ ပန်းဘဲတန်းမြို့နယ် ရန်ကုန် စီးပွား/ကူးသန်းဂျာနယ်တိုက်က တစ်ပြည်လုံးသို့ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

**အင်းစိန်မြို့နယ် အမှတ်(၁၂) အခြေခံပညာ မူလတန်းကျောင်း၏ နှစ်ပတ်လည် ဘက်စုံထူးချွန်ဆုပေးပွဲကို ဩဂုတ်၂၁ရက်ကကျင်းပရာ ဘက်စုံထူးချွန်ဆုရရှိသည့် စတုတ္ထတန်းမှ မောင်ရဲမာန်အား လက်ထောက်မြို့နယ် ပညာရေးမှူး ဆရာကြီး ဦးသီလှက ဆုချီးမြှင့်စဉ်။**

(က-ပ)

# နိဗ္ဗာန်ရည်မှန်း ရွှေသက်န်း

✣ မိမိသုံးဆောင်သည်နှင့် တစ်တန်းစားတည်း လှူခြင်းသည် **'ဒါနသဟာယ'**မည်၏။

✣ မိမိသုံးဆောင်သည်ထက် မြင့်မြတ်သည်ကို လှူခြင်းသည် **'ဒါနသာမိ'**မည်၏။

**ဒါနသာမိ၊ တုမရှိအောင်**
**မုန်ဆင်မြန်း၊ ရွှေသက်န်းကို**
**လှူဒါန်းကုသိုလ် ယူပါစို့။**

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် **"မဟာဗေယျ အတုလမာရဇိန်"** ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးအောင်မြင်ခဲ့၍ ၁-၈-၂၀၀၄ရက်တွင် ရေစက်ချဖွင့်ပွဲ အလှူတော်မင်္ဂလာ အခမ်းအနားကြီးကို ကျင်းပခဲ့ပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကြေးပိသာ ဒုတိယအများဆုံးဖြစ်ပြီး ကမ္ဘာတွင် တတိယအကြီးဆုံးဖြစ်သည့် ကြေးသွန်းရုပ်ပွားတော်ကြီးကို ယခုအခါ **ရဟန်းရှင်လူ ပြည်သူအများ နိဗ္ဗာန်ရည်မှန်း၍ ရွှေသက်န်းတော်များ ကိုယ်တိုင်ကိုယ်ကျ ကပ်လှူပူဇော်နိုင်ကြပါပြီ။**

| | | |
|---|---|---|
| ကိန်းဝပ်စံပယ်ရာ | – | ရွှေတိဂုံစေတီတော် အရှေ့ဘက်စောင်းတန်းကြီးအနီး |
| ပုံတော် | – | ဘူမိဖဿ မုဒြာပုံတော် |
| ဥဏှတော် | – | ၂၄ ပေ၊ ၉ လက်မ |
| ပလ္လင်တော် | – | အလျား ၂၂ ပေ၊ အနံ ၁၅ ပေ |
| မျက်နှာတော်အလေးချိန် | – | ရွှေ၊ ငွေ၊ မိုးကြိုး၊ ကြေး ၁၂၅ပိဿာ |
| ကိုယ်လုံးတော်အလေးချိန် | – | ၁၉၇၅ဝပိဿာ |
| စုစုပေါင်းအလေးချိန် | – | ၁၉၈၇၅ပိဿာ ဖြစ်ပါသည်။ |

**ရွှေကိုယ့်လူလျှင် ရွှေဆင်းသွင်သို့**
**ဘဝပင်မခြား တူအကျိုးပွား၏**
**ဘူမိဖဿ မုဒြာမြတ်ကို**
**မပြတ်သန့်စင် ရောင်ဝါလွှင်သော**
**ရွှေစင်သက်န်း ဒါနပန်းဖြင့်**
**လှူဒါန်းပူဇော် နိဗ္ဗာန်မျှော်လျက်**
**နှီးဆော်သတင်း ပေးဝေနင်းသည်**
**ကောင်းခြင်းဖြာဖြာ ပြည့်စေသော . . .**

| | | |
|---|---|---|
| (၁) ရွှေဆိုင်းဌာန | – | ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး တန်ဆောင်းတော် |
| (၂) ရွှေအရည်အသွေး | – | ရွှေစင် ၉၈ရာခိုင်နှုန်း |
| (၃) ကပ်လှူပူဇော်ချိန် | – | နေ့စဉ် နံနက် ၆နာရီ မှ ညနေ ၆နာရီအထိ |
| (၄) ဆက်သွယ်စုံစမ်းရန် | – | ဂေါပကအဖွဲ့ရုံး၊ ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၁၆၈၁။ |

**ရွှေတိဂုံစေတီတော်**
**ထာဝရဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းကော်မတီ**

## ရှမ်းပြည်နယ်(မြောက်ပိုင်း)ဥက္ကဋ္ဌဖလား အသက်(၁၇)နှစ်အောက်ဘောလုံးပြိုင်

**ရန်ကုန် စက်တင်ဘာ ၃**

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌဖလား အသက်(၁၇)နှစ်အောက် ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၆ရက်ညနေပိုင်းက လားရှိုးမြို့ပြည်နယ် ပြည်ထောင်စု အားကစားကွင်းတွင် ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌအရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တိုင်းစစ်ဌာနချုပ်မှ စစ်ဦးစီးအရာရှိများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

**အမှာစကားပြော**

အခမ်းအနားတွင် တိုင်းမှူးက ကွင်းဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲဝင် အားကစားသမားများက အားကစား သစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြသည်။

ကွင်းဖွင့်ပွဲအဖြစ် ကျောက်မဲခရိုင်အသင်းနှင့် လားရှိုးခရိုင်အသင်းတို့ စတင်ယှဉ်ပြိုင် ကစားကြသည်။ **(က-ပ)**

## အရှင်အာစာရလင်္ကာရ ဓမ္မသဘင်

**ရန်ကုန် စက်တင်ဘာ ၃**

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော် ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဆရာတော်အရှင်အာစာရလင်္ကာရ အရှင်မြတ်သည် ရွှေဘိုမြို့ထောင့်စေတီနှင့်ရွှေတန်ဆာဘုရားတရားပွဲများအပြီး စက်တင်ဘာ ၇ရက်နှင့် ၁၃ရက်တို့တွင် ရွှေဘိုရွှေတန်ဆာဘုရားနေ့ပွဲ၊ညပွဲ၊ ၂၁ရက်တွင် ရွှေဘိုဆုတောင်းပြည့်ဘုရားနေ့ပွဲ၊ ၂၈ရက်တွင် ရွှေတန်ဆာဘုရားနေ့ပွဲ၊ ညပွဲ၊ အောက်တိုဘာ ၃ရက်တွင် မကွေးမြို့နာရေးကူညီမှုအသင်းနှစ်ပတ်လည်ပွဲ၊ အောက်တိုဘာ ၁၃ရက်တွင် ခင်ဦးမြို့နေ့ပွဲ၊ ၁၉ရက်တွင် မြင်းခြံမြို့သုံးဆူဘုရားပွဲ ညပွဲ၊ ၂၁ရက်တွင် စေတီတော်ရိပ်သာနေ့ပွဲ၊ ရွှေတန်ဆာဘုရားညပွဲများအဖြစ် တရားတော်များဟောကြားတော်မူမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်း အမှတ် ၉၅ နေ ဦးကျော်ရင်-ဒေါ်အမာကြည် မိသားစု တို့က သမီး မဖြူဖြူထွန်း၏ မွေးနေ့အလှူ အဖြစ် ဩဂုတ် ၂၇ ရက်က သင်္ဃန်းကျွန်းမြို့နယ် နန္ဒင်းကန် ရပ်ကွက် သုနန္ဒာ ၁ လမ်းရှိ သာသနာ့ဂုဏ်သီလရှင် စာသင်တိုက်သို့ အာဟာရဒါနဆွမ်း ဆန် ငါးအိတ်နှင့်သင်ဖျာ ၁၅ ချပ်တို့ကို တာဝန်ခံ ဆရာလေးဒေါ်ခေမာစာရီထံ လှူဒါန်းစဉ်။ (က-ပ)

## ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ရေပေးဝေရေး စီမံကိန်းလုပ်ငန်းများ စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၃

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက်စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့တော်နေ ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သည့် သောက်သုံးရေသန့် ပိုမိုသုံးစွဲနိုင်ရေးရည်ရွယ်ဆောင်ရွက်လျက်ရှိသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။**

ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ရှေးဦးစွာ ရန်ကုန်တိုင်းလှည်းကူးမြို့နယ် ချောင်းဝကျေးရွာအနီး၌ သောက်သုံးရေ နေ့စဉ်ရေဂါလန်သန်း ၉၀ ပေးဝေနေရာမှ တစ်နေ့ရေဂါလန်သန်း ၁၄၀ ခန့် ပိုမိုတိုးချဲ့ဖြန့်ဝေပေးနိုင်ရေးလုပ်ငန်းတစ်ရပ်ဖြစ်သည့် ငမိုးရိပ်ဆည်ရေ လက်ယာတူးမြောင်းဖြတ်ရေငုပ်ပြွန်အမှတ်(၁)SYPHON °တည်ဆောက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် လှည်းကူးမြို့နယ် ကျောက်အိုင်ကျေးရွာအနီးမှ ငမိုးရိပ်ဆည်လက်ယာတူးမြောင်းဖြတ်ရေငုပ်ပြွန်အမှတ် (၂) °SYPHON တည်ဆောက်ပြီးစီးမှု လုပ်ငန်းအခြေအနေများကိုသွားရောက်ကြည့်ရှုစစ်ဆေးကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

## ရတနာမဉ္ဇူရိပ်သာ လစဉ်တရားစခန်းဖွင့်မည်

**ရန်ကုန် စက်တင်ဘာ ၃**

ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်ဇေယျာနန္ဒ(ပုဂံ)ကြီးမှူး၍ မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် ၂လမ်း ရတနာမဉ္ဇူဓမ္မရိပ်သာ၌ လယ်တီမူ အနာဂါမ်ဆရာသက်ကြီးနည်းဖြင့် (မဟာသဒ္ဓမ္မဇောတိကဓဇ)ဆရာကြီး ဦးသန်းနှင့် ကမ္မဋ္ဌာနာစရိယများက လစဉ်လပြည့်ကျော် ၈ရက်တိုင်း ခုနစ်ရက် တရားစခန်း ဖွင့်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများ လစဉ်လပြည့်ကျော် ၈ရက် နံနက် ၇နာရီ ရတနာမဉ္ဇူဓမ္မရိပ်သာသို့ လာရောက်နိုင်သည်။ မင်္ဂလာဗျူဟာအသင်းချုပ်မှ မော်တော်ယာဉ်များဖြင့် ကြိုပို့ပြုလုပ်ပေးမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

**မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် 'ပြည်ခိုင်ဖြိုး' စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ကျင်းပရာ ပြန်ကြားရေး နှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးမျိုးဝင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ်အတွင်းရေးမှူး ဦးသက်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (မြို့နယ် ပြန်/ဆက်)

**အထက(၁)ဒေါပုံ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ်၂၈ရက်က ပညာဆောင်ခန်းမ၌ကျင်းပရာ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရှင် မောင်အောင်ဖြိုးဝေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းမွန်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (က-ပ)

**ဩဂုတ်၂၈ရက်ကသင်္ဃန်းကျွန်းမြို့နယ် အမက(၄၁) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် သင်္ဃန်းကျွန်းမြို့နယ် လက်ထောက် မြို့နယ်ပညာရေးမှူး ဆရာကြီးဦးတင်ဌေးက ငါးနှစ်ဆက်တိုက် ထူးချွန်ဆုရ မောင်အောင်ဆန်းငြိမ်းအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။** (က-ပ)

**ဆုချီးမြှင့်**

**ဩဂုတ် ၂၉ရက်က သာကေတမြို့နယ် အမှတ်(၂၇) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မခင်ဂျူးကျော့အား ကျောင်းအုပ်ဆရာကြီး ဦးအုန်းကြိုင်က ဆုချီးမြှင့်စဉ်။** (က-ပ)

## နိုင်ငံအဝန်းကျေးရွာစာကြည့်တိုက်များပေါ်ထွန်းရေး စာအုပ်စာစောင်များဝိုင်းဝန်းကူညီလှူဒါန်းကြမည်

**ရန်ကုန် စက်တင်ဘာ ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနား(ဒုတိယအကြိမ်)ကို စက်တင်ဘာ ၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပုဂ္ဂလိကစာပေတိုက်များ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ရုပ်ပြကာတွန်းတိုက်များနှင့် စာအုပ်စာပေဖြန့်ချိရေးလုပ်ငန်းတို့မှ ပုဂ္ဂိုလ်များ ပါဝင် တက်ရောက်ပြီး စာအုပ်၊ စာစောင်များပေးအပ်လှူဒါန်းကြမည်ဖြစ်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး တက်ရောက်၍ စာအုပ်စာစောင်များနှင့် စာပေဒါနငွေပဒေသာပင်များကိုလက်ခံမည်ဖြစ်ရာ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များအတွက် ပါဝင်လှူဒါန်းလိုကြသည့် စေတနာရှင်၊အလှူရှင်များအနေဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနပြန်/ဆက်ဌာနခွဲ ဖုန်း-၀၁-၂၅၂၄၅၇၊ ၂၅၂၄၅၈၊ ၀၁-၃၇၁၃၃၉၊ ၀၁-၃၇၉၇၆၉၊၀၁-၃၇၉၇၇၁နှင့်၀၁-၂၅၂၄၅၁သို့ ဆက်သွယ်စုံစမ်း တက်ရောက်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

## စာပေဒါန

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များနှင့် စာပေဒါနငွေပဒေသာပင်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်-

**နေ့ရက်** - **၇-၉-၂၀၀၆ (အင်္ဂါနေ့)**
**အချိန်** - **မွန်းလွဲ (၂)နာရီ**
**နေရာ** - **ပြန်ကြားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ**

စာပေဒါနပြုလိုကြသော စေတနာရှင်၊အလှူရှင်များ အချိန်မီတက်ရောက်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**၂၂-၂၄၊ ပန်းဆိုးတန်းလမ်း၊ရန်ကုန်မြို့။**
**ဖုန်း-၃၇၁၃၃၉၊ ၃၇၉၇၆၉၊ ၃၇၉၇၇၁၊ ၂၅၂၄၅၁။**

# အထွက်ကောင်းမျိုး ရွှေရင်အေးစပါး ကောက်စိုက်စွမ်းရည်ပြိုင် တိုက်ရိုက်မျိုးစေ့ချပြိုင်ပွဲနှင့် လက်တွန်းထွန်စက်သရုပ်ပြပွဲ နောင်တရားတွင်ကျင်းပ

နောင်တရား ဩဂုတ် ၁၈

**ပင်လောင်းမြို့နယ် နောင်တရားမြို့ အထွက်ကောင်းမျိုး ရွှေရင်အေး စပါးကောက်စိုက်စွမ်းရည်ပြိုင်ပွဲ၊ တိုက်ရိုက်မျိုးစေ့ချပြိုင်ပွဲနှင့် လယ်ယာ(၁၆) လက်တွန်းထွန်စက် သရုပ်ပြပွဲအခမ်းအနားကို ဇူလိုင်၂၀ရက်က တီကျစ်ကျေးရွာအုပ်စုဘုရားကြီးကွင်း ယာယီခန်းမဆောင်၌ ကျင်းပသည်။**

**အမှာစကားပြောကြား**

အခမ်းအနားတွင် စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်မြဝင်းက အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးမန်နေဂျာဦးချိုနိုင်ထွန်းက ကောက်စိုက်ပြိုင်ပွဲစည်းမျဉ်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ကျောင်းအုပ်ကြီးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ကောက်စိုက်လုံမေများက အသင်းအလိုက် ကောက်စိုက်စွမ်းရည်ယှဉ်ပြိုင်ကြသည်။ ဆက်လက်၍ ဒုတိယအဆင့်မျိုးစေ့တိုက်ရိုက်ချပြိုင်ပွဲ ယှဉ်ပြိုင်ကြပြီးနောက် စက်မှုလယ်ယာဦးစီးဌာနမှ လက်တွန်းထွန်စက်သရုပ်ပြကြသည်။

**ဆုချီးမြှင့်ပွဲကျင်းပ**

ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရာ ပထမဆုရရှိသည့် ဆည်ခေါင်းရွာလုံမေအသင်းအား စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီးက ဆုချီးမြှင့်ပေးအပ်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုများဆက်လက်ချီးမြှင့်ပေးအပ်ကြသည်။

(၃၆၉)

**လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် မယ်ဟန်ကျေးရွာ ကျေးလက်ရေပေးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဩဂုတ်၁၈ရက်က ဒုတိယဗိုလ်မှူးကြီး ဝင်းရှိန် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးနိုင်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းငွေတို့က ရှင်းလင်းတင်ပြကြစဉ်။** (မြို့နယ်စည်ပင်)

# ကျေးလက် သတင်းနှင့် မြင်ကွင်း

မော်လမြိုင်ကျွန်းမြို့နယ် နှီးကျွန်ကျေးရွာအုပ်စု လေးထပ်ကြီးကျေးရွာ မြတ်ရတနာကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၂၅ရက်က လေးထပ်ကြီးကျေးရွာ မူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင်(မော်ကျွန်း-မြင့်အောင်)က စာကြည့်တိုက် အောင်မြင်ရှင်သန်ရေးနှင့်စပ်လျဉ်း၍ ဟောပြောစဉ်။ (မြို့နယ် ပြန်/ဆက်)

## ကြီးကြပ်ဆောင်ရွက်

**ဩဂုတ် ၉ ရက်က မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် မင်္ဂလာသီရိ ကျေးရွာတွင် နှစ်လက်မစက်ရေတွင်း တူးဖော်ပေးလျက်ရှိရာ အမှုဆောင် အရာရှိ ဦးဝင်းမော်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးကိုကိုအောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။** (၃၁၃)

## ကြည့်ရှုစစ်ဆေး

**မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုနှင့် အင်ဂျင်နီယာမှူး ဦးတင်မောင်လွင်တို့ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဩဂုတ် ၆ရက်က မိုးကုတ်မြို့နယ် ကိုးမိုင်ဂေါ်ရခါးရွာ(ပိန်းပြစ်)ကျေးရွာသို့ ရေပေးဝေရေးနှင့် ရေကန်ဆောင်ရွက်မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။** (မြို့နယ်စည်ပင်)

# စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်စို့။

## ရှင်းလင်း တင်ပြ

**ပုသိမ်ခရိုင်ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီ မြို့တွင်းလမ်း ပျက်စီးမှုနှင့် ယာဉ်သွားလာမှု အခက်အခဲ မရှိစေရန် ပြုပြင်လျက်ရှိရာ ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ဩဂုတ် ၂၇ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးတင်ထွေး တို့က ရှင်းလင်းတင်ပြကြစဉ်။** (၁၀၈)

# ရေဦးမြို့နယ်သုတစာကြည့်တိုက်ဖွင့်ပွဲကျင်းပ စာစောင်နှင့်စာအုပ်များပေးအပ်လှူဒါန်း

**ရေဦး ဩဂုတ် ၂၅**

ရေဦးမြို့နယ် ရွာမိသာကျေးရွာ အုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးဖွင့်လှစ်သော သုတစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၁၃ရက်က စာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

**ဖွင့်လှစ်**

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးအောင်သန်းနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းတို့က ရွာမိသာကျေးရွာ သုတစာကြည့်တိုက်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**ဆွေးနွေး**

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းက ကျေးရွာအလိုက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကိုဆွေးနွေးဟောပြောကြားပြီး ရွာမိသာကျေးရွာ သုတစာကြည့်တိုက်သို့စာအုပ်၊စာစောင်နှင့်ကျပ်နယ်၇၅အုပ်ကိုပေးအပ်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံ ဦးဇော်ညွန့်က လက်ခံရယူသည်။

**(မြို့နယ် ပြန်/ဆက်)**

**ဩဂုတ်၂၉ရက်က ကျိုက်ထိုမြို့ အမက (၃)ပညာရည် ချွန်ဆုပေးပွဲအခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးတင်ငွေက သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆု ရရှိခဲ့သော မနွေးနွေးဝင့်အောင်အား ပညာရည်ချွန်စလွယ်နှင့် ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (က-ပ)

# ကိုယ့်အားကိုယ်ကိုး မြတ်ဓမ္မစာကြည့်တိုက်ဖွင့်လှစ်

**လယ်ဝေး ဩဂုတ် ၁၅**

ရမည်းသင်းခရိုင် လယ်ဝေးမြို့အမှတ်(၂)ရပ် မြို့ဦးဓမ္မာရုံကျောင်းတိုက်တွင် ဇူလိုင် ၃၁ရက်ကကိုယ့်အားကိုယ်ကိုးမြတ်ဓမ္မစာကြည့်တိုက်ဖွင့်လှစ်ပွဲ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်ဥက္ကဋ္ဌဦးလူတင်၊ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီနာယက အငြိမ်းစား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ရည်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ အငြိမ်းစား ကျောင်းအုပ်ဆရာကြီးဦးတင်အေးတို့က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြတ်ဓမ္မစာကြည့်တိုက်ကို ဥက္ကဋ္ဌဦးတင်အေးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူးဦးခင်မောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အခမ်းအနားတက်ရောက်လာသူများက ခင်းကျင်းပြသထားသည့် မြတ်ဓမ္မစာအုပ်ပြပွဲအား စိတ်ပါဝင်စားစွာ လှည့်လည် ကြည့်ရှုကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## အမြို့မြို့ အနယ်နယ် သတင်းများ

သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်မှုဖြင့် ဩဂုတ် ၁၉ ရက်က မင်းလှမြို့နယ် ကံတင်ဘီး လင်း ဆည်အတွင်းသို့ ငါးမြစ်ချင်း သား ပေါက်ကောင်ရေ ငါးသိန်းကျော် ငါးမျိုး စိုက်ထည့်ပေးရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်းနှင့် တာဝန်ရှိသူများ ဆည်အတွင်း ငါးမျိုးများ စိုက်ထည့်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

## ပွင့်ဖြူမြို့နယ် စန္ဒကူးနံ့သာကျောင်းတော်ရာဘုရား၌ ငါးစာကျွေးဆိပ် ဖွင့်ပွဲအခမ်းအနားကျင်းပ

ပွင့်ဖြူ စက်တင်ဘာ ၂

ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာမြို့သစ်ရှိ စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားတွင် ယနေ့တိုင်အောင် အသက်လွတ်စားသော ဘုရားငါးများအား ဝါတွင်းကာလ အစာကျွေးမွေးရာဆိပ်ကမ်း၌ (၁၃၆၆ ခုနှစ် ဒုတိယ ဝါဆိုလပြည့်နေ့)တွင် တိုင်း၊ခရိုင်၊မြို့နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဂေါပကအဖွဲ့စသော ဘာသာရေးအသင်းအဖွဲ့များက ငါးစာကျွေးဆိပ်ဖွင့်ပွဲအခမ်းအနား ကျင်းပကြသည်။

ယင်းအခမ်းအနားတွင် ဘုရားကြီးဩဝါဒါစရိယအဖွဲ့ အကျိုးတော်ဆောင်ချုပ် ဆရာတော် အရှင်ဓမ္မာစာရ (အစိုးရဓမ္မာစရိယ)နှင့် မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာများပက်ဖျန်းခြင်း၊ ဘုရားငါးများအား အစာကျွေးခြင်းတို့ ပြုလုပ်၍ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဝါတွင်းကာလအတွင်း ဘုရားဖူးငါးများ ရောက်ရှိပြီ ဖြစ်သဖြင့် အစာကျွေး လာရောက်နိုင်ကြပြီဖြစ်ကြောင်း သိရသည်။ (က-ပ)

### ဂုဏ်ပြုဆုပေးအပ်

သန်လျင်မြို့နယ် ဖားကူးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဩဂုတ် ၂၅ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ အဋ္ဌမတန်းတွင် ပထမဆုရရှိသူ မောင်သိန်းမျိုးအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သူဇာက ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

## ပဲခူးခရိုင် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

**ပဲခူး ဩဂုတ် ၃၀**

ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား အကြိုးတန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ပဲခူးတိုင်း အားကစားကွင်း၌ ဩဂုတ် ၂၇ရက်က ကျင်းပသည်။

**ချီးမြှင့်**

အဆိုပါပြိုင်ပွဲတွင် ပဲခူးမြို့နယ်အသင်းနှင့် သနပ်ပင်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သနပ်ပင်မြို့နယ်အသင်းမှ ခုနစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရရှိသော ဘောလုံးအသင်းများအား ပထမဆုကျပ် ၁၀၀၀၀၀ နှင့် တစ်ဦးချင်းဆုများ၊ ဒုတိယဆုကျပ် ၇၀၀၀၀ နှင့် တစ်ဦးချင်းဆုများ ပေးအပ်ပြီးနောက် သုံးနှစ်ဆက်တိုက် ပထမဆုရရှိရသော သနပ်ပင်မြို့နယ်အသင်းအား ပထမဆုဖလားကို ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မင်းက ပေးအပ်ချီးမြှင့်သည်။

**(အပေါ်ပုံ) (ခရိုင်ပြန်/ဆက်)**

## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဩဂုတ် ၂၈ရက်က ဒိုက်ဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ စပါး စိုက်ခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ပေါက်တပင်ကျေးရွာ စိုက်ပျိုးရေးမျိုးသန့်ခြံ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ဥမ္မာထွန်း၊ ခြံမန်နေဂျာ ဦးသံခဲနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းအသင်း ဥက္ကဋ္ဌ ဦးသိန်းမြင့်နှင့် အဖွဲ့ဝင်များ စံပြ စပါးစိုက်ခင်း နှစ်ဧကအတွင်း ငါးမျိုးစိုက်ထည့်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကဝမြို့ပေါ်ရှိ လမ်းဘေးဝဲယာတစ်လျှောက် ပန်းအလှပင်များနှင့် အရိပ်ရအပင်များ စုပေါင်းစိုက်ပျိုးပွဲကို ဩဂုတ် ၂၃ ရက်က ကဝမြို့နယ် ဥက္ကဋ္ဌ ဦးစိုင်မောင်လူနှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးရဲလွင်နှင့် ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။ (၂၄၀)

## ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များဖွင့် အလှူရှင်များ စာအုပ်များပေးအပ်လှူဒါန်း

**မန်ဟီးရိုး ဩဂုတ် ၁၈**

မန်ဟီးရိုးမြို့ရှိ ကျေးရွာအုပ်စုလေးခုတို့တွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးမှ ကြီးမှူး၍ ဩဂုတ် ၁၂ ရက်က ကောက်ကွတ်ကျေးရွာအုပ်စု၌ နမ့်ခေးမောစ် စာကြည့်တိုက်ကိုလည်းကောင်း၊ ဩဂုတ် ၁၆ ရက်က နောင်ဖိုင်ကျေးရွာအုပ်စု၌ ပန်မိုင်(ပွင့်သစ်စ) စာကြည့်တိုက်ကိုလည်းကောင်း၊ ဩဂုတ် ၁၈ ရက်က နောင်ဟာင်ကျေးရွာအုပ်စု၌ မြစ်ကမ်းရွှေလီ စာကြည့်တိုက်ကိုလည်းကောင်း၊ ဩဂုတ် ၂၀ ရက်က နောင်ခေါ်ကျေးရွာအုပ်စု၌ မော်ရွှေလီ စာကြည့်တိုက်ကိုလည်းကောင်း အသီးသီး ဖွင့်လှစ်ပေးကြသည်။

**စာအုပ်များလှူဒါန်း**

အဆိုပါ စာကြည့်တိုက်များကို မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုး၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကေသွယ်ဟန်နှင့် ကျေးရွာဥက္ကဋ္ဌများဖြစ်ကြသော ဦးပန်းဆွဲ၊ ဦးငင်းဆိုင်၊ ဦးအိုက်ထွန်းနှင့် ဦးစိုင်းခမ်းပုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အဆိုပါစာကြည့်တိုက်များသို့ အလှူရှင်များက စာအုပ်များနှင့် ဗီရိုများ အသီးသီး ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဩဂုတ် ၂ရက်က ညောင်လေးပင်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဆုပေးပွဲအခမ်းအနားတွင် ဒသမတန်းကျောင်းသားမိဘတစ်ဦးကကျောင်းအုပ်ဆရာမကြီး ဒေါ်လှယဉ်သိန်းသို့ အလှူငွေများ ပေးအပ်စဉ်။ (၁၃၄)

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသပ်ရပ် သာယာလှပရေး အတွက် လမ်းဘေးရေမြောင်းများအတွင်း အမှိုက်များနှင့် ရေဆိုးများ မရှိစေရန် ဩဂုတ် ၁၈ရက်က ပျော်ဘွယ်မြို့တွင်း ရန်ကုန်-မန္တလေး ကားလမ်းဘေးတွင် ဒုဦးစီးမှူး (သန့်ရှင်းရေး) ဦးသိန်းကျော်နှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးစိုးဝင်းကျော် ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

**Saya Kyaw Lwin**

**Chinese ◇ English ◇ Myanmar**

✆ 212402.

## ဆောက်လုပ်ရေးစီမံကိန်းကြီးများတွင် တာဝန်ထမ်းဆောင်ရန်အတွက် ဝန်ထမ်းအလိုရှိသည်

**(ပြည်တွင်း၌ ကျပ်ငွေဖြင့်ခန့်ထားရန်)**

၁။ **ဗိသုကာအင်ဂျင်နီယာ** **ကျား၊မ (၁)ဦး**
(B.Arch)
လုပ်ငန်းအတွေ့အကြုံ ဗိသုကာဆိုင်ရာပုံစံရေးဆွဲခြင်း အတွေ့အကြုံ အနည်းဆုံး(၁၀)နှစ်အထက် ရှိရပါမည်။

၂။ **လက်ထောက်ဗိသုကာအင်ဂျင်နီယာ** **ကျား၊မ (၂)ဦး**
(B.Arch)
လုပ်ငန်းအတွေ့အကြုံ ဗိသုကာဆိုင်ရာ ပုံစံရေးဆွဲခြင်း အတွေ့အကြုံ အနည်းဆုံး(၃)နှစ်အထက် ရှိရပါမည်။

၃။ Site Engineer **ကျား၊မ (၁၀)ဦး**
A.G.T.I (Civil)/B.E (Civil)
လုပ်ငန်းအတွေ့အကြုံ R.Cအဆောက်အအုံဆောက်လုပ်ခြင်း ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်အထက် ရှိရပါမည်။

၄။ Quality Controlled Engineer **ကျား၊မ (၆)ဦး**
A.G.T.I (Civil)/B.E (Civil)
Structure နှင့် ဗိသုကာဆိုင်ရာ လိုအပ်ချက်များအတိုင်း ဆောက်လုပ်ထားမှုကို စစ်ဆေးနိုင်ရန် လုပ်ငန်းအတွေ့အကြုံ (၅)နှစ်အထက်ရှိသူ ဖြစ်ရမည်။

၅။ Surveyor
Grade (1) **ကျား၊မ (၂)ဦး**
Grade (2) **ကျား၊မ (၄)ဦး**
Grade (1)–မြေတိုင်းခြင်း၊ အဆောက်အအုံ ပန္နက်ဖော်ခြင်း လုပ်ငန်းများအတွက် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ် အထက်ရှိရပါမည်။
Grade (2)–မြေတိုင်းခြင်း၊ အဆောက်အအုံ ပန္နက်ဖော်ခြင်း လုပ်ငန်းများအတွက် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ် အထက် ရှိရပါမည်။

အထက်ပါရာထူးနေရာအတွက် အလုပ်လျှောက်ထားသူများသည်–
၁။ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံချက်၊
၂။ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအောင် လက်မှတ်မိတ္တူ၊ ဘွဲ့မိတ္တူတို့နှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း

**ဒဂုန်အင်တာနေရှင်နယ်လီမိတက်**

**အမှတ်(၂၆၂–၂၆၄) Dagon Centre, Block (A) (၃)ထပ်၊ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့ သတ်မှတ်ပုံစံတွင် ဖြည့်စွက်ပြီး လျှောက်ထားနိုင်ပါသည်။**

## PGS သောက်ရေသန့်

ဘာသာရေး၊ လူမှုရေးအခမ်းအနားများနှင့် ကျောင်းသား ကျောင်းသူ၊ လူငယ်များအတွက် ဝ ဒသမ ၆ လီတာဝင် ရေသန့်ဘူးအကြည်အငယ်များ ဈေးနှုန်းသက်သာစွာဖြင့် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**PGS သောက်ရေသန့်**
**ဖုန်း–၂၀၃၄၃၃၊ ၂၄၇၅၄၂၊ ၇၀၉၉၃၂။**

## ဝန်ထမ်းအလိုရှိသည်

**(ပြည်တွင်း၌သာခန့်ထားရန်)**

၁။ စက်ရုံမှူး ကျား ၁ ဦး
၂။ အရောင်းစာရေး/ဖြန့်ချိရေးဝန်ထမ်း ကျား၊မ ၁၅ ဦး

အမှတ်စဉ်(၁)ရာထူးအတွက် ဘွဲ့ရ၊ အသက်(၃၅)မှ (၅၀)ကြား ရေသန့်စက်ရုံလုပ်ငန်းတွင် ထုတ်လုပ်ရေး၊ အုပ်ချုပ်ရေး၊ ဖြန့်ချိရေး အတွေ့အကြုံ (၅)နှစ်ရှိရမည်။ အတွေ့အကြုံပေါ် မူတည်၍ ထိုက်တန်သော လစာပေးမည်။

အမှတ်စဉ်(၂)ရာထူးအတွက် ဘွဲ့ရ၊ အရောင်းအတွေ့အကြုံ(၂)နှစ် ရှိရမည်။ ရုပ်ရည်သန့်ပြန့်၍ သွက်လက်ချက်ချာပြီး ရိုးသားသူများ ဖြစ်ရမည်။ အရည်အချင်းပေါ်မူတည်၍ လစာကောင်းကောင်းပေးမည်။

လျှောက်ထားလိုသူသည် လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ ကြော်ငြာပါသည့်ရက်မှ ၇ရက်အတွင်း လာရောက် လျှောက်ထား နိုင်ပါသည်။

အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

**PGS သောက်ရေသန့်စက်ရုံ**
**ဖုန်း–203433 ၊ 247542**
**709932။**

## CMA အသင်းမှ ဖိတ်ခေါ်အပ်ပါသည်

လမ်းမတော်မြို့နယ် လမ်းမတော်လမ်း အမှတ် ၇၃/၇၉ တွင် တည်ရှိသော **CMA** ပုညကုသလဗဟုကရအသင်း၏ (၁၀၆)နှစ်မြောက် သက်တမ်းရှိ အသင်းပိုင်အဆောက်အအုံဟောင်းကို ဖျက်သိမ်း၍ အဆောက်အအုံသစ် ပြန်လည်ဆောက်လုပ်ရန် စီမံဆောင်ရွက်နေပါသည်။ ၎င်းအသင်းပိုင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းဟောင်းဗီရိုများကိုသာ (၁၂–၉–၂၀၀၄)ရက် တနင်္ဂနွေနေ့ မွန်းတည့် ၁၂း၀၀ နာရီတွင် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ မည်သူမဆို လာရောက်ကြည့်ရှု ဝယ်ယူနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**ထုခွဲရောင်းချရေးအဖွဲ့**
**ပုညကုသလဗဟုကရအသင်း၊ လမ်းမတော်လမ်း၊ ရန်ကုန်မြို့။**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ကျော်သန့်ဇင်၏ ယာဉ်မောင်းလိုင်စင်နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ၅/မရန(နိုင်)၁၃၆၄၈၃ ပါဝင်သော ပိုက်ဆံအိတ်တစ်လုံး ၂၆–၈–၂၀၀၄ ရက်တွင်ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အမြန်ဆုံး အကြောင်းကြားပါ။ **စီ ၁၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ ကမ်းနားလမ်း၊အလုံ**
**ဖုန်း–၂၂၈၄၄၉၊ ၂၂၆၇၅၅။**

# Career Opportunity

## ( For Local Service Only )

## Urgent Requirement

Our Company is now urgently looking for the qualified employee in the trading fields for the following posts.

I. Administration Department
1. Deputy Manager (1)Post/ Female
 - MBA/ DMA
 - must have good command in English
 - Able to operate office automation
 - At least 3 years Experience

II. Administration Department
1. Executive (1) Post/ Male
 - Age 30 ~ 35 years
 - Good Command in communication and dealing
 - Able to operate office automation

III. Logistic Department
1. Assistant Manager (Cargo & Clearance) (1)Post/ Male
 - BE/ AGTI (Mechanical Power or EP)
 - Age 30 ~ 35 years

IV. Project Development Department
1. Assistant Manager (1) Post / Male
 - BE (Mechanical)
 - must have good command in English
 - Able to operate office automation
 - At least 3 years working Experience in the related field

V. Marketing Department
1. Marketing Executive (1) Post / Male
 - BE / AGTI (EP)
 - Age 30 ~ 35 years
 - At least 3 years experience in technical field.
 - Able to operate office automation

All position require a good command of both spoken & written English and Computer literate as compulsory.

To be attached with C.V in details of eperience, qualifications, contact telephone number with recent photograph, labor registration card and recommendation of good characters & free from criminal record by 10th Sept 2004 latest attention to " Manager, Admin Department, 22(A), Kaba Aye Pagoda Road, Bahan Township, Yangon." Please contact the following Telephone Number within 16th Sept to 17th Sept 2004 for personal interview.

**Ph No. 543443, 541533, 558672 Ext: (0,34)**

**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ကက/၅၄၈၄ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ရန်ကုန်တိုင်း။**

**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် အ/၉၈၉ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ရန်ကုန်တိုင်း။**

**အမည်ဖြည့်စွက်ခေါ်ပါရန်**

ဦးစိုးလတ်၏သမီး မရတနာစိုးလတ် ၁၂/လသန (ပြု) ၀၀၁၀၃၃ အထက(၂)လသာ၊ ပဥ္စမတန်း (ဃ) အား မရတနာစိုးလတ်(ခ) မခင်ကြူကြူခိုင်ဟု ဖြည့်စွက်ခေါ်ပါရန်။
**မရတနာစိုးလတ်(ခ)မခင်ကြူကြူခိုင်။**

**အမည်ပြောင်း**

(ဦးလှရွှေ)–ဒေါ်ခင်တင့်၏ သား ဦးထွန်းသစ်ဦးအား ဦးသုတ ၁၂/ဒဂဆ(နိုင်)၀၀၀၅၉၆ဟု ပြောင်းလဲခေါ်ပါရန်။
**ဦးသုတ။**

**ဖခင်အမည်မှန်**

အထက(၅)မရမ်းကုန်း ဒသမတန်း(ဃ)မှ မောင်ဖေယျာပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးသိန်းလှိုင် ၁၂/မရက(နိုင်)၀၁၅၅၇၉ ဖြစ်ပါသည်။
**ဦးသိန်းလှိုင်**
**၁၂/မရက(နိုင်)၀၁၅၅၇၉။**

**အမည်ပြောင်း**

အမက(၈) စမ်းချောင်း တတိယတန်းမှ ဦးသိန်းအောင်၏သား မောင်အောင်ကျော်မြင့်အား မောင်ဟိန်းထက်ဇော်ဟု ပြောင်းလဲခေါ်ပါရန်။
**မောင်ဟိန်းထက်ဇော်။**

## ဦးအောင်မင်း

**PMA-129352 သိသာရန်**

ဦးအောင်မင်းသည် မြန်မာ ဆီးဖု(ဒ်)(စ်)လီမိတက်စက်ရုံနှင့် ပတ်သက်သည့် ငွေကြေးဆိုင်ရာ ကိစ္စများကို ရှင်းလင်းရန် ရှိနေပါသည်။ သို့ပါ၍ နှစ်ပတ်အတွင်း ၎င်းငွေကြေးဆိုင်ရာ ကိစ္စများကို လူကြီးမင်း ကိုယ်တိုင် လာရောက်၍ ရှင်းလင်းပေးရန်နှင့် မလာရောက်ပါက လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ကြည်မြင့်**
**အမှုဆောင်ဒါရိုက်တာ**
**ဆီးဖု(ဒ်)(စ်)လီမိတက်။**

**INFORMATICS Computer Centre(လမ်းမတော်)**
**စက်တင်ဘာလ တန်းခွဲသစ်များဖွင့်ပြီ။**
Window, Graphic, C&C++, Java, ACCPAC
**အမှတ် ၇၅၄၊ မဟာဗန္ဓုလလမ်းနှင့် ၁၆ လမ်းထောင့်၊ လမ်းမတော်မြို့နယ်။**
**ဖုန်း–၂၅၁၀၆၄၊ ၃၈၂၀၅၃။**

**ဖခင် အမည်မှန်**

တောင်ကြီးမြို့ အထက(၅) ဒသမတန်း(E)မှ မဝေဝေလွင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့် ၁၃/ဟပန (နိုင်)၀၂၄၀၃၇ ဖြစ်ပါကြောင်း။
**ဦးမျိုးမြင့်။**

**အမည်ပြောင်း**

အဖ ဦးထွန်းလွင်၏သမီး နိုင်ငံသား စိစစ်ရေးကတ်အမှတ် ၁၂/အလန (နိုင်) ၀၄၂၆၈၅ ကိုင်ဆောင်သူ မဖြူနှင်းလွင်အား ယနေ့မှစ၍ မဖြူဖြူကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဖြူဖြူကျော်။**

**အမည်ပြောင်း**

တောင်ဥက္ကလာပမြို့နယ် ဦးမျိုးလွင်–ဒေါ်ခင်စန်းသိန်းတို့၏ သမီး ၁၂/မဘန(နိုင်) ၁၁၂၄၅၉ မကေရီစိုးအား မမြတ်မဋ္ဌူဟု ပြောင်းလဲခေါ်ပါရန်။ **မမြတ်မဋ္ဌူ။**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်ရီရီသိန်း၏သားဖြစ်သူ မောင်သက်ကိုကိုဦး ၁၂/ဥကတ (နိုင်)၁၆၆၁၇၄ သည် မိဘအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဖြင့် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
**ဒေါ်ရီရီသိန်း ၁၂/ဥကတ(နိုင်)၁၁၃၄၅၂**
**အမှတ် ၇၀၀၊ မေတ္တာလမ်း၊ ၁၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့။**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၅က/၇၁၈၆ (ဗင်) လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ– ၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများသည် ၁၅ ရက်အတွင်းဆက်သွယ် ဆောင်ရွက်ပါရန်။
**ကညန(တောင်ကြီး)။**

## စားပွဲနှင့် ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊**
**ဗိုလ်တထောင်မြို့နယ်**
**ဖုန်း–၂၄၅၆၄၅၊ ၂၄၅၆၄၂။**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၂ခ/၉၅၁၈ မော်တော်ယာဉ်လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားလာပါသဖြင့် ၁၅ရက်အတွင်း ကညန၊ ပြည်နယ်ရုံး (လားရှိုး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။
**ကညန၊ ပြည်နယ်ရုံး(လားရှိုး)။**

**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ဓ/၅၀၅၉ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။
**ကညန၊ရန်ကုန်တိုင်း။**

## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

တောင်ကြီးတက္ကသိုလ်မှ ၂၀၀၂-၂၀၀၃ ပညာသင်နှစ်၊ ၂၀၀၃ခုနှစ်စက်တင်ဘာလတွင် တောင်ကြီးတက္ကသိုလ်၊ လွိုင်ကော်ဒီဂရီကောလိပ်၊ ကျိုင်းတုံဒီဂရီကောလိပ်တို့မှကျင်းပခဲ့သည့် ဝိဇ္ဇာ/သိပ္ပံဘွဲ့(တတိယနှစ် ၁၉၉၇-အပထအောင်)၊ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ၂၀၀၄ခုနှစ် မတ်လတွင် တောင်ကြီးတက္ကသိုလ်၊ ကျိုင်းတုံဒီဂရီကောလိပ်တို့မှ ကျင်းပခဲ့သည့် ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့(တတိယနှစ် ၁၉၉၈-အပထအောင်)၊ တောင်ကြီးတက္ကသိုလ်တွင်ကျင်းပခဲ့သည့် ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့(တတိယနှစ် ဂုဏ်ထူးတန်း၊ စနစ်ဟောင်း)၊ ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့(ဒုတိယနှစ်ဂုဏ်ထူးတန်း ၁၉၉၆-အပထအောင်)၊ ဝိဇ္ဇာဘွဲ့(ဥပဒေပညာ ၁၉၉၆-အပထအောင်)၊ ဘွဲ့လွန်အင်္ဂလိပ်စာဒီပလိုမာဘွဲ့၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့၊ မဟာသုတေသနဘွဲ့ စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် တောင်ကြီးတက္ကသိုလ်၏ (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင် တက်ရောက်ရန်နှင့် အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများတင်သွင်းလျှောက်ထားနိုင်သည်။

### ဘွဲ့နှင်းသဘင်ကြေး

တက်ရောက်ဘွဲ့ကြေး - ကျပ် ၁၅၀၀ (ကျပ်တစ်ထောင့်ငါးရာတိတိ)
အဝေးရောက်ဘွဲ့ကြေး - ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်တိတိ)
လျှောက်လွှာတင်သွင်းမည့်ရက် - ၁-၉-၂၀၀၄ရက်နေ့မှ ၃၀-၉-၂၀၀၄ရက်နေ့အထိ။

**မှတ်ချက်**

(၁) သတ်မှတ်လျှောက်လွှာပုံစံဖြင့်လျှောက်ထားရမည်။
(၂) လွန်ခဲ့သည့်သုံးလအတွင်း ရိုက်ကူးထားသော (၂"x၁.၅") ဓာတ်ပုံသုံးပုံ ပူးတွဲ၍လျှောက်ထားရမည်။
(၃) သတ်မှတ်ဘွဲ့ကြေးများကို တောင်ကြီးတက္ကသိုလ် ငွေလက်ခံဌာနတွင် ပေးသွင်းရပါမည်။
(၄) ရပ်ဝေးမှပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့်သာပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏အောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"ဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏ အမည်၊ စာမေးပွဲအောင်မြင်သည့် ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ စသည်များကိုလည်း တိကျစွာဖော်ပြလျှောက်ထားရပါမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
(၅) ဘွဲ့လျှောက်ထားရာတွင် တင်သွင်းရမည့်ဓာတ်ပုံများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ၊(အမျိုးသား)နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသော ဓာတ်ပုံများဖြင့်သာ လျှောက်ထားရပါမည်။
(၆) တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန်ပျက်ကွက်သူများ၏ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။
(၇) အသေးစိတ်အချက်အလက်များကို တောင်ကြီးတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာန တယ်လီဖုန်းအမှတ် ၀၈၁-၂၁၀၉၀ တွင် စုံစမ်းနိုင်ပါသည်။

**ခင်မြငြိမ်း**
**(မော်ကွန်းထိန်း)**
**တောင်ကြီးတက္ကသိုလ်။**

---

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉က/၁၄၇၄ လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)။**

---

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၈၃၂၀ လက်ဝယ်ရှိသူသည် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊တိုင်းရုံး (မကွေး)။**

---

## သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည်ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေ နှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်းသိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း - ၁၉၉
(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး - ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ - ၅၄၁၉၀၅၊ ၅၄၁၉၀၄

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။**

---

## ဒေါ်သန်းအေး (မသိုင်းရွှံ့)
### (မြို့တော်စည်ပင်၊ဗဟိုပစ္စည်းထိန်းဌာန)
### အသက်(၅၀)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဦးဝိဇ္ဇာလမ်း၊ အမှတ် ၁၂ နေ (ဦးဘလွင်-ဒေါ်ခင်သန်း)တို့၏သမီး၊(ဦးထွန်းလွင်)-ဒေါ်လှလှစိန်၊ဦးမြလွင်(အထက-၁၊ လသာကျောင်းအုပ်ကြီး)-ဒေါ်အေးအေးမြင့်(အထက-၃၊ ကျိုက္ကဆံ)၊ ဦးမြင့်လွင် (မြို့တော်စည်ပင်၊ ရေနှင့်သန့်ရှင်းမှုဌာန)-ဒေါ်နယ်လီထွန်း၊ ဦးစံလွင်-ဒေါ်မြိုင်၊ ဦးစောလွင်-ဒေါ်အေးအေးမြင့်၊ (ဦးညွန့်လွင်-ဒေါ်ညို)တို့၏ညီမ၊ ဒေါ်သန်းမြင့်-ဦးမင်းသန်း၊ ဒေါ်စီစီသန်း (ယာ/အုံ၊ ကျောက်တံတား)၊ (ဦးသန်းထွန်း)၊ ဦးခင်မောင်လွင်(2/E M.C.M Shipping)-ဒေါ်မာမာ၊ ဦးညီညီလွင်-ဒေါ်ဝင်းမာတို့၏အစ်မကြီးသည် ၂-၉-၂၀၀၄ရက်(ကြာသပတေးနေ့) ည ၈း၂၅ နာရီတွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၀၄ ရက်(စနေနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (တိုက်-ခ၊ အခန်း ၁၂၊ စည်ပင်အရာရှိရိပ်သာဝင်း၊ကန်တော်လေး နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

---

## ဒေါ်ဒေါင်းယဉ်
### အသက်(၆၀)

မကွေးတိုင်း၊ မြို့သစ်မြို့နယ်၊ ရုံးတောကျေးရွာနေ(ဦးထွန်းတင်-ဒေါ်လှကြည်)တို့၏တစ်ဦးတည်းသောသမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ စက်မှုလယ်ယာလမ်း၊ အမှတ် ၁၀၄၈နေ ဦးတင်လှိုင်(ထိပ်တန်းအဆင့်မြင့် စက်ရေတွင်းတူးလုပ်ငန်း)ကျေး/ရေ (အတွင်းရေးမှူး၊ လယ်ဝေးမြို့နယ်အသင်း)၏ဇနီး၊ ဦးမြဟန်(ဒိုက်ဦးမြို့နယ်တရားသူကြီး)- ဒေါ်ခင်နန်းလှိုင်၊ မောင်ကိုကိုလှိုင်၊မဌေးဇင်မော်(ဒဂုံမြောက်၊တရားရုံး)၊မမိုးမိုးလှိုင်၊ မောင်မောင်လှိုင်၊ မမေဇင်အုန်းမောင်၊ မမင်းမင်းလှိုင်(ဒဂုံမြောက်၊ တရားရုံး)တို့၏မိခင်၊ မမြသီတာလှိုင်(အထက-၃၊ဒဂုံမြောက်)၊ မောင်ထက်လှိုင်ဟန်(အမက-၈၊ ဒဂုံမြောက်)၊ မမြသဉ္ဇာလှိုင်၊ မချိုဇင်လှိုင်၊ မဖူးအိလှိုင်တို့၏ အဘွားသည် ၂-၉-၂၀၀၄ရက် ၅း၁၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၆-၉-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

---

## ဒေါ်သန်းအေး (မသိုင်းခြုံ)
### (ရန်ကုန်မြို့တော်စည်ပင်၊ဗဟိုပစ္စည်းထိန်းဌာန)
### အသက်(၅၀)

ရန်ကုန်မြို့နေ (ဦးဘလွင်-ဒေါ်ခင်သန်း)တို့၏သမီး၊ (ဦးသိန်းဖေ)-ဒေါ်စောကျင်တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ကန်တော်လေး၊ စည်ပင်အရာရှိရိပ်သာ၊ တိုက်(ခ)၊ အခန်း ၁၂ နေ ဦးတင်ထွဋ်(မြို့တော်စည်ပင်၊ ယာ/အုံ၊ ငြိမ်း)၏ဇနီး၊ မောင်တင်အောင်ဝင်း(Trimax Marine Service Co., Ltd.)၊ မဝင်းဝင်းလှိုင်(နောက်ဆုံးနှစ်၊ ရူပဗေဒ၊ ဒဂုံအဝေးသင်၊ GTC PR)၊ မမေသင်းခိုင်(Grade XI-E၊ အထက-၃၊ တောင်ညွန့်)တို့၏မိခင်သည် ၂-၉-၂၀၀၄ရက်(ကြာသပတေးနေ့)ည ၈း၂၅ နာရီတွင် ကန်သာယာဆေးရုံ၌ကွယ်လွန်သွားပါ၍ ၄-၉-၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

---

## ဒေါ်စောကြည်ကြည်
### (ကျိုက်ထို)
### စာရေးဆရာတက္ကသိုလ်ယူမွန် မြန်မာစာကထိက(ငြိမ်း)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့နေ (ဦးဦးသာ-ဒေါ်မြသန်း)တို့၏သမီး၊ ဦးစံအေး-(ဒေါ်သန်းတင်)တို့၏ညီမသည် ၂-၉-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အား တပ်မတော်ဆေးတက္ကသိုလ်သို့ လှူဒါန်းပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟတို့အားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

---

## ဒေါ်မြသန်း
### အသက်(၇၅)နှစ်

မန္တလေးမြို့၊ ဘုရားကြီးအောက်ကျောင်းရပ်၊ နိဗ္ဗာန်ကုန်သည် ဦးစံရှင်-ဒေါ်စောရှင်-ဒေါ်အေးမိုတို့၏သမီး၊ စကျင်ရွာ ဦးအုပ်ကြီး-ဒေါ်သိန်းကြည်တို့၏ညီမ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ် ဦးကျော်ဝင်း-ဒေါ်တင်တင်အေး၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ် ဦးကျော်ညွန့်-(ဒေါ်ခင်ကြည်ကြည်)တို့၏အစ်မ၊ ငွေလမင်း နိဗ္ဗာန်ကုန်ဆိုင် ကိုမောင်ဝင်း(ခ) ကိုအေးကို-မယဉ်ညိုဦး၊ ကိုလှမြင့်-မနီနီကျော်၊ တူ တူမ ၁၅ ယောက်တို့၏အဒေါ်၊ မြေး ၂၈ ယောက်တို့၏အဘွားသည် ၃-၉-၂၀၀၄ရက် (သောကြာနေ့) နံနက် ၉း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၉-၂၀၀၄ရက်(စနေနေ့)မွန်းလွဲ ၁၂း၃၀ နာရီတွင် အထက်ပါနေအိမ်မှ တောင်မြင့်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

---

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဆရာမကြီး ဒေါ်မိတုံဘောက်
### အသက်(၇၂)နှစ်

ကွတ်ခိုင်မြို့နယ်၊ ကုန်းဆာကျေးရွာနေ (သင်းထောက်ဦးမိတုံဂမ်-ဒေါ်အင်စွမ်ကော့)တို့၏သမီး၊ ပြင်ဦးလွင်မြို့နေ (ဦးတင်မြင့်) ဆရာမကြီးဒေါ်မိတုံခေါန်တို့၏ညီမ၊ ဦးမိတုံနော် (လဖိုင်နန်ဘန်)၊ ဦးမိတုံတူး၊ လဖိုင်ဂျာဖန်၊ ဒေါ်မိတုံရွယ်၊ ဒေါ်မိတုံထု၊ ဦးနော်ခမ်း၊ ဦးမိတုံတန်၊ မရန်ဘောမ်လွေတို့၏အစ်မ၊ ရန်ကုန်မြို့၊ ခဝဲခြံ ၂၃၊ ဦးရွှေနုလမ်းနေ သင်းထောက်ဦးဂျေအမ်ဘရန်ရှောင်၏ဇနီး၊ မဂျေအမ်ခေါန်ထွယ်၏မိခင်သည် ၃-၉-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၄-၉-၂၀၀၄ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ဦးရေခဲလမ်း နှစ်ခြင်းဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးကရင်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

---

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
## ဒေါ်မြင့်မြင့်
### စိန်သုံးလုံးကြေးအိုး၊ ခိုင်သဇင်ဖိနပ်(ဗိုလ်ချုပ်ဈေး)
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ၁၃၃၊အနော်ရထာလမ်း၊ ဗိုလ်တထောင်မြို့နယ်နေ(ဦးချူချူငေါ်)-ဒေါ်ရင်တို့၏သမီး၊ဦးအောင်ဝင်း၏ဇနီး၊ (ဦးတင်ဝင်း) ဒေါ်လှလှကြည်၊ ဦးကျင်ဝင်း-ဒေါ်သန်းသန်းမြင့်၊ ဦးမျိုးခိုင်ဇော်-ဒေါ်အေးအေးဝင်း၊ ဦးရန်လင်း-ဒေါ်မြင့်မြင့်ဝင်းတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၂-၉-၂၀၀၄ရက် ည ၉း၂၀နာရီတွင် ဗဟိုရိုစည်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၄-၉-၂၀၀၄ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ၇၃-A(1)၊ ပြည်လမ်း၊ ဒဂုံမြို့နယ်မှ နံနက် ၈း၁၅ နာရီ၊ ၁၃၃၊ အနော်ရထာလမ်း၊ ဗိုလ်တထောင်မြို့နယ်မှ နံနက် ၈း၁၅ နာရီတို့တွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

---

## အိမိုးစံ(ခ)ဦးအေးမောင်(ခ)
## ဦးခင်မောင်အုန်း
### B.A (Myanmar)
### (တာ့ပွေကိုကေ့နှင့် မြတ်မင်္ဂလာပရိဘောဂ)
### အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ လမ်း ၁၆၀၊ အမှတ် ၈ နေ (ဦးချစ်မောင်-ဒေါ်ကျင်မြိုင်)တို့၏သားထွေး၊ (ဦးကျော်တင့်)-ဒေါ်ရှုတင်၊ ဒေါ်ရှုဟုန်၊ ဦးစိန်အောင်၊ ဦးမျိုးအောင်၊ ဦးစိန်မောင်-ဒေါ်အေးမြင့်၊ ဒေါ်နုနု(B.Sc, Bot, Credit)တို့၏မောင်/ညီ၊ဒေါ်ခင်မြင့်မော်(B.Sc Phy. Q.II)၊ ဒေါ်ခင်ခင်စိုး(B.Sc,Chem Q)တို့၏အစ်ကို၊ ဦးမျိုးဝင်း-ဒေါ်ယဉ်ယဉ်ထွန်း၊ မောင်ထက်အောင်ဖြိုး၊ မောင်ဟိန်းထက်အောင်တို့၏ဦးလေး၊ မဇူဇူးစံ၏အဘိုးလေးသည် ၃-၉-၂၀၀၄ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၅-၉-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

---

## ဒေါ်သောင်းကြည်(ခ)
## ဒေါ်သောင်း (ကညွတ်ကွင်း)
### အသက်(၆၃)နှစ်

ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့နေ (ဦးမောင်-ဒေါ်ပု)တို့၏သမီးကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ စံပါယ်လမ်း၊ အမှတ် ၁၄ နေ ဦးမှဲ့၏ဇနီး၊ (ဦးညွန့်သန်း)၏ညီမ၊ဦးတင်ထွန်း၊ဦးကျော်ငြိမ်း၊ဒေါ်မုန်းတို့၏အစ်မ၊ ဦးစိုးလွင်-ဒေါ်သန်းသန်းမြင့်၊ Kevine Kline- မရီရီအေး(သူနာပြု)၊ မောင်အောင်ဇော်ဝင်း၊ မောင်လှမိုး-မသန္တာဖြူ၊ မောင်တိုးမြင့်၊ မခင်သက်ထား၊ မောင်ရဲသီဟ(UNDP)- မငြိမ်းငြိမ်းဝေ၊ မနှင်းနှင်းဝေ၊ မသူဇာ၊ မနှင်းအိဖြူတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂-၉-၂၀၀၄ရက် (ကြာသပတေးနေ့)တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

---

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာ
## ဦးစိန်လှိုင် (မြောင်းမြ)
### အသက်(၆၀)

မြောင်းမြမြို့၊ အမှတ် ၅၊ ဦးဘချိုလမ်း၊ မြောက်ပိုင်း၊ (၂)ရပ်ကွက်နေ (ဦးစစ်ဟုန်-ဒေါ်သောင်းရွှေ)တို့၏သား၊ (ပွဲစားဦးလှရွှေ) - ဒေါ်သန်းခင်တို့၏ သားသမက်၊ ဒေါ်စန်းရင်၏ခင်ပွန်း၊ ကိုခင်ဇော်၊ မမာမာဦး၊ ကိုအေးတင်၊ မခင်ခင်ဌေး၊ ကိုစံရွှေမြင့်၊ ဒေါက်တာထွန်းထွန်းဝင်း(လ/ထဆရာဝန်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ မောင်ဝေမင်းဖြိုး၊ မပဒ္မာမြားတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃-၉-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

---

## ဦးအောင်ကြီး
### (လှိုင်ရတနာဈေး)
### အသက်(၄၈)နှစ်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်နေ ဦးသန်းဖေ - (ဒေါ်တင်ဦး)တို့၏ သားကြီး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရိပ်သာ၊ တိုက် ၅၊ အခန်း ၃ နေ ဒေါ်တင်ရွှေ၏ခင်ပွန်း၊ ဦးရဲထွဋ်-ဒေါ်ခင်ဦးသန်း၊ ဒေါ်ခင်အေးသန်းတို့၏မောင်၊ ဦးမင်းခေါင်-ဒေါ်နီနီ၊ ဦးရဲခေါင်-ဒေါ်လှလှမော်တို့၏အစ်ကိုကြီး၊ မောင်ရဲလင်းအောင်၊ မောင်နေလင်းအောင်-မပြည့်ဖြိုးဝင်း၊ မစိုးသန္တာအောင်တို့၏ဖခင်သည် ၂-၉-၂၀၀၄ရက် နံနက် ၇း၂၀ နာရီတွင် သုခကမ္ဘာဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

---

### ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်ကြည် (မော်ကျွန်း)
### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၂ လမ်း၊ အမှတ် ၆၃ နေ ဘွားဘွားကြီး ဒေါ်ခင်ကြည်သည် ၂-၉-၂၀၀၄ရက်တွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူတူတူမများ။

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
## မစ္စဟယ်လင်ဆင်ဂူပတာ
### (နစ်ကလပ်)
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အမှတ် ၂၊ ပဒုမ္မာလမ်းနေ မစ္စဟယ်လင်ဆင်ဂူပတာ (နစ်ကလပ်)သည် ၂-၉-၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း။
မိတ်ဆွေများနှင့် မြန်မာနိုင်ငံသူနာပြုအသင်းဝင်များ။

---

## ဒေါ်ဝင်း (စစ်တွေ)
### အသက်(၈၇)နှစ်

စစ်တွေမြို့၊ အိုးတန်းရပ်၊ ရွှေသာလမ်းနေ(ဦးကျော်ဇံလှ၊ ဆန်အကဲဖြတ်အဖွဲ့ဝင်လူကြီး - ဒေါ်မစော)တို့၏ သမီးကြီး၊ (ဦးဘိုးခိုင်)၏ဇနီး၊ ရန်ကုန်မြို့၊ အမှတ် ၂၁၊ ရွှေဘိုလမ်း၊ ကျောက်မြောင်းနေ ဦးစောသာ (ဦးစီးအရာရှိ၊ ငြိမ်း၊ ဗဟိုဘဏ်)-ဒေါ်ရင်ရင်နွယ်၊ ဦးထွန်းဝင်း (ပြည်နယ်တရားရုံး )- ဒေါ်ချင်းမ၊ (ဦးကျော်သန်း-မြို့/ဂျာလယ်စိုက်ရှင်း၊ သန်လျင်မြို့)-ဒေါ်နီနီတို့၏ မိခင်၊ ဦးအောင်ကြည်-ဒေါ်မဝိုင်း၊ ဦးမောင်စောအောင်(ခ)မောင်ညို၊ ဦးသာသာ-ဒေါ်နီနီအေး၊ မစောမြတ်ဝေတို့၏အကြီးရှင်၊ မြေးခုနစ်ယောက်တို့၏အဘောင်ရှင်၊ မြစ်သုံးယောက်တို့၏အဖီးရှင်သည် ၂-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

---

### ရဟန်းအမကြီး
## ဒေါ်ထွေးတင်(ခ)ကရင်မ
### (ကညွတ်ကွင်း)
### အသက်(၇၃)နှစ်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ စံပယ်လမ်း၊ အမှတ် ၃၊ (၅)ရပ်ကွက်နေ ဦးကြူ-ဒေါ်ငွေတို့၏ သမီးကြီး၊ ဦးဝိန်-ဒေါ်အုန်းရင်တို့၏ သမီးချွေးမ၊ [ဦးသိန်းဟန်(ခ)ဦးဝါလင်] လက်ရှိဓာတ်ပုံတိုက်၏ဇနီး၊ ဦးဇော်မင်း-ဒေါ်စမ်းစမ်းဦး(နှင်းဆီကုန်ထုတ်)၊ ဦးသူနိုင်(ခ)ဦးမောင်မောင် - ဒေါ်သန်းသန်းဌေး(TTC၊ ရန်ကုန်ပညာရေးတက္ကသိုလ်)၊ ဦးအောင်ကျော်ထူး-ဒေါ်စန်းစန်းအေး၊ ကိုအောင်ကျော်ဆန်း(ခ)ဂျပန်ကြီး၊ကိုမျိုးမင်းထွန်း-(မချိုနွယ်ဝင်း)တို့၏ မိခင်၊ မြေး လေးယောက်တို့၏အဘွား၊ ဒေါ်ထွေးရှု၊ ဦးခင်မောင်-ဒေါ်မြင့်မြင့်စိန်တို့၏အစ်မကြီး၊ ဦးမျိုးမြင့်(ခ)ဦးဝါကီ-ဒေါ်နွဲ့ရင်၊ ဦးဝင်းဇော်-ဒေါ်တင်ကြည်၊ ဒေါ်ကြည်၊ ဒေါ်စန်းစန်းလွင်(ငြိမ်း၊ ထ-၁၊ စမ်းချောင်းကျောင်းအုပ်)၊ ဒေါ်တင်ရီတို့၏အစ်မကြီးသည် ၃-၉-၂၀၀၄ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

---

## ဒေါက်တာဒေါ်မြရွှေ
### အသက်(၅၈)နှစ်

သထုံမြို့ (ဦးကြီးတရန်း-ဒေါ်ကျင်မြ)တို့၏သမီး၊ မန္တလေးမြို့၊ မန္တလေးတက္ကသိုလ်ရွှေမန်းလမ်း၊ အိမ်အမှတ် ၂ နေ ဒေါက်တာမြင့်သိန်း(ပါမောက္ခ၊ ဌာနမှူး၊ ရူပဗေဒဌာန၊ မန္တလေးတက္ကသိုလ်)၏ဇနီး၊ ဗိုလ်ကြီးဒေါက်တာဖြိုးဆွေမြင့်-ဒေါက်တာအေးသီရိခိုင်၊ကိုစည်သူကိုကို-ဒေါက်တာဇာနည်မြင့်သိန်း၊ မကေသီမြင့်သိန်း(နောက်ဆုံးနှစ်၊ အပိုင်း-က၊ ဆေးတက္ကသိုလ်၊ မန္တလေး)၊ မောင်ရဲကိုမြင့် (အထက-၁၂)တို့၏ မိခင်သည် ၃-၉-၂၀၀၄ရက် နံနက် ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၉-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ တောင်မြင့်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဆရာတော် ဘဒ္ဒန္တ ဝါယမ (ထားဝယ်)
### သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ ကံ့ကော်ကျောင်း၊ တိုက်အုပ်ဆရာတော် (အထက်မြန်မာပြည် ထားဝယ်ရဟန်းတော်များအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး)သည် ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ ရက် (၃၁-၈-၂၀၀၄ရက်) အင်္ဂါနေ့ နံနက် ၁၀း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဧရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ ရက် (၇-၉-၂၀၀၄ရက်) အင်္ဂါနေ့ မွန်းတည့် ၁၂ နာရီတွင် တောင်မြင့်သုသာန်သို့ပင့်ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ။

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ ကေဝလ
### ပဓာနနာယကဆရာတော်
### သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၃၉)

မြင်းခြံမြို့၊ အမှတ် ၁၉၊ စက်မှုဇုန်၊ ကြောင်ပန်း ဝိပဿနာတရားပြဌာန ပဓာနနာယက ဆရာတော် ဦးကေဝလသည် ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ ရက် (အင်္ဂါနေ့) ညနေ ၆း၂၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ ရက် (၄-၉-၂၀၀၄ရက်) စနေနေ့တွင် အန္တိမအဂ္ဂိဈာပနပူဇော် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမများအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။
ဂေါပကအဖွဲ့၊မြင်းခြံမြို့။

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ အာဒိစ္စဘိဝံသ
### သာသနဓဇ ဓမ္မာစရိယ
### မြို့နယ်ဝိနည်းဓိုရ်
### ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ မျက်နှာတော်ရောင်ခြည်ဖွင့်ဆရာတော်
### သက်တော်(၅၆)နှစ်၊ သိက္ခာတော်(၃၇)ဝါ

ဧရာဝတီတိုင်း၊ ဇလွန်မြို့၊ မစိုးရိမ်ကျောင်းတိုက်ကြီး၏ပဓာနနာယကဆရာတော် ဘဒ္ဒန္တအာဒိစ္စဘိဝံသသည် ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၃ ရက် (၂-၉-၂၀၀၄ရက်) ကြာသပတေးနေ့ ညနေ ၅း၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ ရက်(၆-၉-၂၀၀၄ရက်) တနင်္လာနေ့တွင် အန္တိမအဂ္ဂိဈာပနပွဲ ကျင်းပမည်ဖြစ်ပါကြောင်း တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ၊မစိုးရိမ်ကျောင်း၊ဇလွန်မြို့။

---

### ရဟန်းအမကြီး
## ဒေါ်သိန်းနွဲ့
### ဇီးဖြူပင်(ကျောက်တန်း)
### အသက်(၅၈)နှစ်

ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ ဇီးဖြူပင်ရွာနေ(ဦးကောက်ကျန့်-ဒေါ်လှယဉ်)တို့၏ သမီးကြီး၊ (ဦးစံနီ-ဒေါ်သန်းစိန်)တို့၏သမီးချွေးမ၊ ဦးစိုးငြိမ်း၏တူမ၊ ဦးလှငွေ၏ဇနီး၊ မတင်တင်မူ၊ ကိုကျော်မြင့်-မတင်တင်ကြူ၊ မစန်းယုကြည်(နည်းပြ၊ သမိုင်းဌာန၊ ပုသိမ်တက္ကသိုလ်)၊မောင်လှမိုးဆွေ(MITT သီလဝါ)-မစန်းယုဆွေ၊ မောင်ဇေယျာမင်းဆွေ(3rd Years Bot)၊ မောင်ကေတုမင်းဆွေ (3rd Years Maths)၊ မအိဖြူဆွေ (3rd Years Law)၊မစောပြည့်သန္တာဆွေတို့၏မိခင်၊ မအိသစ္စာကျော်၏အဘွားသည် ၂၈-၈-၂၀၀၄ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၀၄ရက်တွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

---

## ရဲအုပ် တင်ယု
### (လ-၁၂၈၈၅၆)
### စခန်းမှူး(ဖားကပ်)
### ကရင်ပြည်နယ်
### အသက်(၅၀)

(ဦးယုလွင်-ဒေါ်တင်ကြည်)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၁၃၇၊ ၃၈ လမ်း(တတိယထပ်-ဝဲ)နေ ဦးတင်ထွဋ်-ဒေါ်ခင်အေးအေးတို့၏သားသမက်၊ဦးစိုးမြင့်-ဒေါ်မြင့်မြင့်တို့၏မောင်၊ ဦးသန်းအောင်(မြို့နယ်အင်ဂျင်နီယာ၊ ဆောက်လုပ်ရေး၊ ညောင်တုန်း)-ဒေါ်ခင်လေးမွန်၊ ဦးပြေညွန့်-ဒေါ်ခင်ဖြူဖြူ၊ ဦးမျိုးသူရ၊ ဒေါ်ခင်နီနီထွဋ်(ဒဂုံတက္ကသိုလ်)၊ ဒေါ်သီဂီထွဋ် (ဆက်သွယ်ရေး)တို့၏အစ်ကို၊ ဒေါ်ခင်ဝါဝါ(ဆသရ၊ ငြိမ်း)၏ခင်ပွန်း၊ မောင်ဟိန်းထက်ဇော်(အထကဖားကပ်)၏ဖခင်၊ တူ တူမ ရှစ်ယောက်တို့၏ဦးလေးသည် ၃-၉-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြော၌ ကွယ်လွန်သွားပါ၍ ၅-၉-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

---

## ဦးဆွေနိုင်(ခ)
## Alfred Tin Swe
### (ရန်ကင်း)
### ဦးစီးအရာရှိ(ငြိမ်း)
### ပြည်တွင်းအခွန်များဦးစီးဌာန
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၄၁၊ (၄၆) ရပ်ကွက်၊ မိုးမခလမ်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)နေ (ဦးတင့်ဆွေ-ဒေါ်နုနု)တို့၏သားကြီး၊ (ဦးထွန်းရှိန်-ဒေါ်အေးရှင်)တို့၏သားသမက်၊ ဒေါ်မိမိ(ဒုဦးစီးမှူး၊ဝင်ငွေခွန်ဌာနခွဲ၊ပြည်တွင်းအခွန်များဦးစီးဌာန)၏ခင်ပွန်း၊ ဦးမြင့်သန်း-ဒေါ်စိန်စိန်မြင့်၊ ဦးမောင်မောင်မြင့်-ဒေါ်ခင်မေအေး၊ (ဦးဝဏ္ဏ)-ဒေါ်မြင့်မြင့်၊ ဒေါ်ခင်နှင်းယုတို့၏အစ်ကို၊ မဆွေဇင်ဦး(ယုဇနပုစွန်မွေးမြူရေးလုပ်ငန်း၊ ငွေဆောင်)၊ မမေဇင်လတ်(MACO Ltd.)၊ မဇင်မာဆွေ (MACO Ltd.)တို့၏ဖခင်သည် ၂-၉-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁၁း၅၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

---

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ၇၃-A(1)၊ပြည်လမ်း၊ ဒဂုံမြို့နယ်နေ (ဦးချူချူငေါ်)-ဒေါ်ရင်တို့၏သမီး၊ ဦးလင်တုံရှင်(ခ)ဦးအောင်ဝင်း၏ဇနီး၊ ဦးဝင်းစိန်-ဒေါ်ခင်မာရီ(ရေကင်း)၊ ဦးကျင်စိန်-ဒေါ်ချိုချိုရီ၊ ဦးမောင်ဝင်း - (ဒေါ်စန်းစန်းမြင့်)၊ ဦးမောင်မောင်-ဒေါ်တင်တင်နိုင်၊ ဦးဇော်မိုး-ဒေါ်ကျင်အေး၊ ဦးအောင်မိုး၊(ဦးလွမ်းမိုး)၊ မတင်တင်မိုး၊ မတင်တင်စိုးတို့၏အစ်မ၊ တူ တူမ ၁၁ ယောက်တို့၏အဒေါ်သည် ၂-၉-၂၀၀၄ရက် ညတွင် ကွယ်လွန်သွားပါ၍ ၄-၉-၂၀၀၄ရက် (စနေနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၁၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

---

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။** R. 488

# အနာဂတ်နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေး လူသားစွမ်းရည်အရင်းအမြစ်များ လေ့ကျင့်ပြုစုပေးနေ နိုင်ငံအကျိုးပြုပညာရှင်များဖြစ်ရေး ကြိုးစားအားထုတ်

**ရန်ကုန် စက်တင်ဘာ ၃**

ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်ဖွဲ့ဝင် အရာရှိ၊ စစ်သည်များ၏ သား၊ သမီးများ၊ တွဲဖက်တာဝန်ထမ်းဆောင်နေကြသော ဝန်ကြီးဌာနများမှဝန်ထမ်းများ၏ သား၊ သမီးများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ *စာမျက်နှာ ၆ ကော်လံ ၁* ■

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်အကြံပေးအရာရှိ၊ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဆုရရှိသူ ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

## ခေါင်းကြီး သတင်း ဆောင်းပါး အညွှန်း


❐ "မိမိတို့တွင်ရှိသော ကိုယ်ပိုင်အင်အား၊ ကိုယ်ပိုင်အရင်းအမြစ်များကို အပြည့်အဝသုံးစွဲပြီး အနာဂတ်နိုင်ငံတော်သစ်ကို တည်ဆောက်ကြရမည်" (ခေါင်းကြီး (စာ-၂))

❐ "သဘာဝဓာတ်ငွေ့ကို အစားထိုးသုံးစွဲခြင်းကြောင့် ပြည်တွင်းမှ ထွက်ရှိသော သဘာဝ ဓာတ်ငွေ့များကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ခြင်း၊ တန်ဖိုးမြင့်မားသော ဓာတ်ဆီ၊ ဒီဇယ်ဆီစသော စက်မောင်းဆီများ ချွေတာနိုင်ခြင်း၊ သဘာဝဓာတ်ငွေ့ ဈေးနှုန်းသည် သက်သာသည့်အပြင် အပြည့်အဝရောင်းချပေးနိုင်ခြင်းကြောင့် သယ်ယူပို့ဆောင်ရေးစရိတ် သက်သာလာသဖြင့် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်လာနိုင်ခြင်း စသော အကျိုးကျေးဇူးများ မကြာမီကာလအတွင်း ရရှိလာမည်မှာ မလွဲကေန်ဖြစ်" (မြင့်ဌေး(စွမ်းအင်)၏ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ တိုးချဲ့သုံးစွဲရေး ဆောင်းပါး (ကျောဖုံးနှင့် စာ-၃))

❐ "မြန်မာနိုင်ငံသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကို အထူးဦးစားပေးဆောင်ရွက်လျက်ရှိသည်" (မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၏ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ဂုဏ်ပြုကြိုဆို ဆောင်းပါး (စာ-၁၀))

❐ "စက်တင်ဘာ ၂ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန် တပ်ဖွဲ့ဝင် ၉၇၆ ဦး ရှိသွားပြီ" (နိုင်ငံတကာသတင်း (စာ-၄))


# သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ တိုးချဲ့သုံးစွဲရေး

**မြင့်ဌေး(စွမ်းအင်)**

**ရန်ကုန် စက်တင်ဘာ ၃**

၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့တွင် စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်မှ တာဝန်ရှိသူများအား ဖိတ်ကြား၍ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ (Natural Gas Vehicle-NGV)ကို သရုပ်ပြ ရှင်းလင်းတင်ပြခဲ့သည်။ ထိုကဲ့သို့ မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီ အသုံးပြုနေရာမှ သဘာဝဓာတ်ငွေ့ပြောင်းလဲသုံးစွဲခြင်း လုပ်ငန်းကို လက်ရှိအသုံးပြုနေသော မြန်မာပြည်အောက်ပိုင်းနှင့် မြန်မာပြည်အလယ်ပိုင်းတွင်သာမက မြန်မာပြည်အထက်ပိုင်းတွင်ပါ ဆောင်ရွက်ပေးရန်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် NGV ကားများအဖြစ် ပြောင်းလဲရေးကို ကျယ်ကျယ်ပြန့်ပြန့် *စာမျက်နှာ ၃ ကော်လံ ၁* ❐

ဩဂုတ် ၁၁ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များပြောင်းလဲ တပ်ဆင်ရာတွင် အသုံးပြုသည့် စက်ပစ္စည်းကိရိယာများကို ဤသို့ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

## ဓာတ်ငွေ့အိုးတပ်ဆင်ထား



သဘာဝဓာတ်ငွေ့(CNG)သုံး ဟိုင်းလပ် မော်တော်ယာဉ်တွင် ဓာတ်ငွေ့အိုးများ တပ်ဆင်ထားသည်ကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံ-မောင်မောင်သန်း (သတင်းစဉ်)

## စက်မောင်းဆီချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များသုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့သုံးစွဲခြင်းဖြင့် စက်မောင်းဆီချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကို လည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ၊ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။